ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့ (28-6-2010) (၆၄၄၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လမ်းတံတားများ တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးနိုင်သည့်အတွက် ပြည်နယ်နှင့်တိုင်းများ တစ်ဆက်တစ်စပ်တည်းဖြစ်လာ ဆက်သွယ်သွားလာမှုလွယ်ကူပြီး ကုန်သွယ်မှုများ တိုးတက်မြန်ဆန်လာကာ ဒေသခံများ၏ ဖွံ့ဖြိုးမှုကွာခြားချက်များ လျော့နည်း

နေပြည်တော် ဇွန် ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မကွေးခရိုင်က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် မကွေးတိုင်း မကွေးခရိုင် နတ်မောက်မြို့နယ် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ်ရှိ အစင်း ၂၄၀ မြောက် ယင်းချောင်းတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဒေသခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးထွဋ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ အင်အား ၃၀၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်၌ မကွေးတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများ၊ မီးရထားလမ်းများ၊ ဆည်မြောင်းတာတမံကြီးများအပါအဝင် အမျိုးမျိုးသော တက္ကသိုလ်ကြီးများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့✳**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ ယင်းချောင်းတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(ဆောက်လုပ်ရေး)

မြို့ပြနှင့်မခြား နမ့်ပေါင်ကျေးရွာနှင့် နမ့်ပေါင်တံတား

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ကိုထွေး
အဆင်အပြင် - ဖြိုးစန္ဒာမြင့်

နေပြည်တော်မှာ မိုးဖြိုင်ဖြိုင် ရွာနေပါပြီ။ အနောက်တောင်မုတ်သုံလေ ဝင်ရောက်မှု အနည်းငယ်နောက်ကျနိုင်သည်ဟူသော မိုးလေဝသခန့်မှန်းချက်ကြောင့် နွေအပူဒဏ်ကို တောင့်ခံရဦးမည်ဟု ထင်မှတ်ခဲ့သော်လည်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ဖြစ်ပေါ်သော ဆိုင်ကလုန်းမုန်တိုင်းလိုင်လာ၏အရှိန်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မေလ မကုန်ဆုံးမီ မိုးဖြိုင်ဖြိုင်ရွာသွန်းခဲ့လေသည်။

မိုးရွာသွန်းမှုကြောင့် အပူရှိန် သိသိသာသာ ကျဆင်းသွားပြီး သစ်ပင်များလည်း စိမ်းလန်းစိုပြည်လာလေသည်။

နေပြည်တော် - ပင်လောင်း လမ်းဆုံမှ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ရှမ်းရိုးမတောင်တန်းကြီးပေါ်တွင် မိုးသားတိမ်လိပ်များ တရွေ့ရွေ့ ကျော်ဖြတ်နေသည်ကိုတွေ့ရလေသည်။ သည်ပုံအတိုင်းဆိုလျှင်ဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) က **စာမျက်နှာ ၈ ကော်လံ ၁ သို့○**

နမ့်ပေါင် ကွန်ကရစ်တံတားသစ် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့၍ လားရှိုး-တန့်ယန်း ပြေးဆွဲသော စူပါရုဖ်ဗင် အမြန်ယာဉ်တစ်စီး အဆင်ပြေလွယ်ကူစွာ ဖြတ်သန်းသွားလာနေမှုကို တွေ့ရစဉ်။

ပြည်တွင်းပြည်ပသတင်းအညွှန်းများ

ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံမှတောင်သူများနှင့် ဆည်/မြောင်းဝန်ထမ်းများ တက်ရောက်ခဲ့သော ကျေးလက်ဖွံ့ဖြိုးရေးသင်တန်းဆင်းပွဲ။

စာမျက်နှာ-၆



အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲ ရန်ကုန်မြို့တွင်ကျင်းပ၊ မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများနှင့် မျိုးဆက်သစ်အားကစားသမား သရုပ်ပြ။

စာမျက်နှာ - ၆

၂၀၁၀ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဂျာမနီအသင်းခြေစွမ်းပြပြီး အင်္ဂလန်ကို ဂိုးပြတ်သွင်း အနိုင်ယူ၊ ဂါနာအသင်း ပထမဦးဆုံးအကြိမ် ကွာတားဖိုင်နယ်တက်။

စာမျက်နှာ - ၉

၂၈-၆-၂၀၁၀ (တနင်္လာနေ့)

ကျောင်းနှင့်ဝန်းကျင် ကျန်းမာသန့်ရှင်း ရောဂါကင်းစင်

လူတိုင်းသည် ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းတို့ ပြည့်စုံနေရန် လိုအပ်သည်။ ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ၊ နိုင်ငံသားတိုင်း နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် ကာယ၊ ဉာဏစွမ်းအားအလိုက် ပါဝင်သယ်ပိုးနိုင်ကြပေမည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေး၊ ရောဂါဘယ ကင်းရှင်းစေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖော်ဆောင်ပေးနေသည်။ လူထုကျန်းမာရေးစောင့်ရှောက်မှုတွင် **ကျောင်းကျန်းမာရေးလုပ်ငန်း**သည် တစ်ခုအပါအဝင်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် အလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။

ပညာသင်နှစ်အစ ကျောင်းဖွင့်ချိန်မှစ၍ ကျောင်းသား၊ ကျောင်းသူလူငယ်များ ကျန်းမာပျော်ရွှင် ပညာသင်ကြားနိုင်ရေး အစီအမံများ ချမှတ်ဖော်ဆောင်နေကြပေပြီ။ အခြေခံပညာကျောင်းများအလိုက် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေး၊ ကူးစက်ရောဂါ ကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ ပညာပေးရေး၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်ကြရပေမည်။

ရာသီမရွေး ခြင်နှိမ်နင်းရေး၊ စာသင်ဆောင်များနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို ဂရုပြုကြရပေမည်။ ကျောင်းအတွင်း ရေကောင်းရေသန့်ရရှိသုံးစွဲရေး၊ အိမ်သာများ သန့်ရှင်းကောင်းမွန်ရေး၊ ကျောင်းဈေးတန်းရှိ အစားအသောက်ဆိုင်များ သန့်ရှင်းစွာရောင်းချရေးတို့သည်လည်း အစဉ်တစိုက် ကြပ်မတ်စစ်ဆေးကြရမည့် လုပ်ငန်းများဖြစ်သည်။

မိုးရာသီတွင် ခြင်ပေါက်ပွားမှု အများဆုံးဖြစ်ရာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ပိုမိုများပြားတတ်သဖြင့် စာသင်ခန်းများ၏ ပတ်ဝန်းကျင်အခြေပြု၍ ခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ပိုးလောက်လမ်းနှိမ်နင်းခြင်းတို့ကို အခါမလပ် ပြုလုပ်ကြရမည်ဖြစ်သည်။ ထို့အပြင် ကျောင်းသား၊ ကျောင်းသူတိုင်း အစားအစာသန့်ရှင်းရေး၊ ရေကောင်းရေသန့်သုံးစွဲရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး(လက်သန့်)နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး(အိမ်သာသန့်)ဟူသည့် သန့်လေးသန့်နှင့် ပြည့်စုံနေစေရေး အသိပညာပေးကြရပေမည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများသည် စဉ်ဆက်မပြတ် ဂရုပြုလုပ်ဆောင်နေကြရမည့် လုပ်ငန်းများဖြစ်သည်။ ကျန်းမာရေးအလေ့အကျင့်ကောင်းများကို သိရှိရုံမျှမက လက်တွေ့လိုက်နာကျင့်သုံးကြရန်လည်း လိုအပ်သည်။ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့်အတူ ကျောင်းအုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းဝင်များ၊ စေတနာရှင်ပြည်သူများ ပူးပေါင်း၍ စာသင်ဆောင်များ၊ စာသင်ကျောင်းများ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် ကျောင်းနှင့်ဝန်းကျင် ကျန်းမာသန့်ရှင်း ရောဂါကင်းစင်နေမည်ဖြစ်ပါသည်။ ။

အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်း ဖွင့်မည်

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်း ၁/ ၁၀ ကို ဇူလိုင် ၂၀ ရက်မှ ၃၁ ရက်အထိ နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ အခြေခံသင်တန်းဆင်းပြီးသူ ၃၀ ဦးဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် ငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၄၅)

မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသစ်ပင်စိုက်

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပျော်ဘွယ်ကြီး စံပြကျေးရွာနှင့် ရခိုင်ချောင်(မြောက်)ကျေးရွာတို့တွင် ဇွန် ၂၀ ရက် နံနက် ၈ နာရီက မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပွဲ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဋ္ဌေး၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များ၊ ကျေးရွာဥက္ကဋ္ဌများ တက်ရောက်၍ ပျိုးပင်ပေါင်း ၂၀၂၅ ပင်ကို စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်ဥက္ကဋ္ဌက တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်းသိရသည်။**(အောက်ပုံ)**

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးလှထွန်း ရန်ကုန်တိုင်းရှိ အရာထမ်းများအား တွေ့ဆုံမှာကြား



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ရန်ကုန်တိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အရာထမ်းများ၊ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ခံ အရာထမ်းများအား အမှာစကားပြောကြားစဉ်။

(ဘဏ္ဍာ/အခွန်)

ရန်ကုန် ဇွန် ၂၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ စုပေါင်းခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်းများ၊ ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ခံအရာထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ အရာထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ခံ အရာထမ်းများက လုပ်ငန်းလျာထားရည်မှန်းချက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက စီမံခန့်ခွဲရေး အရာထမ်းများသည် နိုင်ငံတော်၏ ဦးတည်ချက်များ၊ ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး ရည်မှန်းချက် ပြည့်မီစေရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချကြရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် စေတနာထား၍ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် ဌာနများ၏ လုပ်ငန်းအောင်မြင်မှုများ ရရှိနိုင်ရေး အလေးထားကြိုးပမ်းကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ရုံးခွဲ၏ ရုံးအဆောက်အအုံ လုံခြုံမှုနှင့် သန့်ရှင်းသပ်ရပ်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျုံပျော်မြို့နယ်၌ ကျင်းပ

ကျုံပျော် ဇွန် ၂၇

၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျုံပျော်မြို့ ပင်လုံရပ်ကွက် တာသစ်လမ်း၌ ဇွန် ၂၀ ရက် နံနက် ၇ နာရီတွင် ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ(ရေကြည်၊ ကျုံပျော်) ဦးစိုးလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပပစိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ စုစုပေါင်းအင်အား ၁၃၅ ဦးတို့က ကျွန်း၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ယူကလစ်ပင်များကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ခမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၅။	မျိုးချစ်တပ်မတော်
၄း၄၅	၆။	စိုက်ပျိုးသုတ
၄း၅၅	၇။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀	၁၂။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၂၃)**
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	မေးမြန်းစုံစမ်း
	၁၉။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၀။	ယနေ့အတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) -နယ်သာလန်နှင့် ဆလိုဗက်ကီးယား(ရှုံးထွက်)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။
		၂၉-၆-၂၀၁၀ ရက် (အင်္ဂါနေ့)
၁း၀၀	၁။	**၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) - ဘရာဇီးနှင့်ချီလီ(ရှုံးထွက်)**

ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဇွန် ၂၇

ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းတွင် မင်းယုဝေ၊ ညွန့်ဝေ(ကသာ)၊ မောင်ဟေမာ၊ ကို(တက္ကသိုလ်)၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ အောင်သာဆန်း (သံတွဲ)၊ ခင်ကေခိုင်တို့၏ ကဗျာများ၊ မြေဇာ၊ ငွေကြည်၊ သစ်ထွဏ်း၊ စည်သူကျော်၊ နေသွန်းတို့၏ ကာတွန်းများ၊ ချစ်စံဝင်း၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ပီကျော်ဟန်၊ မောင်ခင်မင်(ဓနုဖြူ)၊ ဒေါက်တာသန့်စင်၊ ကိုခန့်(သုတေသန)၊ ရဲမာန်ခ၊ ဗိုလ်ကလေးတင့်အောင်၊ စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ မောင်၊ လှထွန်းအောင်(ရူပဗေဒ)၊ ငွမ်းဖြူစင်၊ လှဘုန်းအောင်၊ အာကီယာ၊ စာတည်းတစ်ဦး၊ ရှင်ဉာဏ(ဖျာပုံ)၊ညောင်ဦးဖိုးချို၊ မျိုးမင်း၊ စံဇာဏီဘို၊ စိုးဝင်း(မြစ်ခြေ)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ တင်သန်းဦး၊ ခင်မောင်အေး(မန္တလေး)၊ ကုမုဒြာ၊ လဝန်းခင်၊ ခြင်ကျား(မအူပင်)၊ နွေ၊ စစ်မင်း(တောင်တွင်း)၊လူအောင်၊ ကိုရွှေတောသားတို့၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်သန်စေမှုရသ၊ ကျေးလက်သဘာဝရသများအပြင် မေတ္တာဖွဲ့ရသများပါဝင်သည့် ဝတ္ထုများကို ဖတ်ရှုကြရမည်ဖြစ်သည်။

မြဝတီမဂ္ဂဇင်းကို အမှတ်(၁၈၁) (၃၂)လမ်းအထက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ သို့ ဆက်သွယ်မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ ယင်းချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (ဆောက်လုပ်ရေး)

✳ရှေ့ဖုံးမှ

အဆင့်ဆင့်သော ဆေးရုံကြီးများ၊ လူမှုဖွံ့ဖြိုးမှုနှင့် ပတ်သက်သည့် လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံများကို အလုံးအရင်း တည်ဆောက်ပေးခဲ့သဖြင့် မကွေးတိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့်တော်တော်များများသည် မြန်မြန်ဆန်ဆန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်း၊ တံတားများနှင့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာအောင် ယခုလို ဦးစားပေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုဆိုလျှင် မကွေး-ကန်ပြား-မြို့သစ်-တောင်ညို-နေပြည်တော် ကားလမ်းသစ် မိုင်အရှည် ၁၀၈ မိုင် လေးဖာလုံကို ဖောက်လုပ်လျက်ရှိပြီး မကွေး-နတ်မောက်-ပျော်ဘွယ် ကတ္တရာလမ်း မိုင်အရှည် ၉၁ မိုင် လေးဖာလုံကလည်း ပြီးစီးတော့မည်ဖြစ်ကြောင်း။

ဤတံတားကြီးကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ ယင်းချောင်းတံတား တည်ဆောက်သည့်နေရာ၌ မိုးရာသီဆိုလျှင် ရေအနက်ငါးပေ၊ ချောင်းအကျယ် ပေ ၃၅၀ အထိ ရေဖြန့်စီးဆင်းသည့် ချောင်းဖြစ်ပြီး ရေများသည့်အခါတွင် ယာဉ်များဖြတ်သန်းမောင်းနှင်ရန် အချိန် ၅ နာရီလောက်အထိ စောင့်နေရသည့်အတွက် အတားအဆီးသဖွယ် ဖြစ်နေခြင်းကြောင့် ရာသီမရွေး သွားလာဆက်သွယ်နိုင်ရန် ဤတံတားကြီးကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ယင်းချောင်းတံတားသည် တောင်တွင်းကြီး-မြို့သစ်- နတ်မောက်ကားလမ်း နတ်မောက်မြို့နယ်တွင် တည်ရှိပြီး တံတားအရှည်ပေ ၃၂၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ၁၀ လက်မခွဲ၊ ယာဉ်တစ်စီးချင်း ၁၅ တန် ခံနိုင်ဝန်ရှိသည့် (ဘေလီ+ သစ်သား) တံတားအမျိုးအစား ဖြစ်ကြောင်း၊ မကွေးတိုင်းအတွင်းတွင် ဤတံတားအပါအဝင် တံတားကြီး အစင်း ၂၀ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တံတားအပိုင်းမှာ ၁၉၈၈ ခုနှစ်ကနေ ယခုအချိန်အထိ ပေ ၁၈၀ နှင့်အထက် ဤတံတားအပါအဝင် တံတားကြီးပေါင်း အစင်း ၂၄၀ တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ တံတားတည်ဆောက်မှုအပိုင်းတွင် ပေ ၁၀၀ နှင့် ပေ ၁၈၀ အကြား တံတားပေါင်း ၂၉၁၅ စင်းနှင့် ပေ ၁၈၀ အထက် တံတားကြီး အစင်း ၂၄၀ တည်ဆောက်နိုင်ခဲ့ပြီး ပေ ၁၈၀ အထက် တံတား အစင်း၂၀ တည်ဆောက်ဆဲဖြစ်ကြောင်း။

ယခုကဲ့သို့ လမ်း၊ တံတားများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနိုင်သည့်အတွက် ပြည်နယ်နှင့်တိုင်းများရှိ ဒေသကြီးတစ်ခုနှင့်တစ်ခုသည် ရေကြောမြေကြောများ တစ်ဆက်တစ်စပ်တည်း ဖြစ်လာသဖြင့် ဆက်သွယ်သွားလာမှု လွယ်ကူပြီး ကုန်သွယ်မှုလုပ်ငန်းများလည်း တိုးတက်မြန်ဆန်လာသည်ကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ထို့အပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အသိပညာဗဟုသုတများ တိုးတက်မြင့်မားလာကာ ဖွံ့ဖြိုးတိုးတက်မှု ကွာခြားချက်များ၊ ဆင်းရဲချမ်းသာမှုကွာဟချက်များလည်း တဖြည်းဖြည်းလျော့နည်းလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် ပြည်နယ်၊ တိုင်းများတွင် လမ်းနှင့်တံတားများကို အကြောင်းမျိုးစုံသော အမျိုးသားရေးအမြင်များနှင့် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီး ကောင်းသော လက်ဆင့်ကမ်းအမွေများ ပေးနိုင်စေရန်၊ ထားခဲ့နိုင်စေရန် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ နောင်သားစဉ်မြေးဆက်များအတွက်လည်း လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် တံတားကြီးသည် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းအသစ်တစ်ခုရရှိခြင်းဖြစ်သဖြင့် သားစဉ်မြေးဆက်ရေရှည်အသုံးပြုနိုင်စေရန် ထိန်းသိမ်းစောင့်ရှောက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ကျေးဇူးတင်စကား ပြောကြားရာတွင် မကွေးတိုင်းအတွင်းတွင် ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းမိုင်အရှည် ၁၃၉၄ မိုင်သာရှိခဲ့ပြီး အခုဆိုလျှင် ၂၀၀၆ မိုင်အထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ ယင်းတွင်ယခင်က ကတ္တရာလမ်း ၅၀၁ မိုင်သာရှိခဲ့သော်လည်း ယခုဆိုလျှင် ကတ္တရာလမ်းမိုင်အရှည် ၁၀၄၁ မိုင်အထိ ဖောက်လုပ်ပေးနိုင်ခဲ့သကဲ့သို့ ၁၉၈၈ခုနှစ်မတိုင်မီ မြစ်ကူးတံတား တစ်စင်းမျှမရှိခဲ့ကြောင်း။

ယခုအချိန်တွင် ဧရာဝတီမြစ်ကူးတံတား (မကွေး)နှင့်(ချောက်) နှစ်စင်း ဆောက်လုပ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ လက်ရှိတွင် ဧရာဝတီမြစ်ကူးတံတား (ပခုက္ကူ)နှင့်(မလွန်) နှစ်စင်းကို ဆက်လက်တည်ဆောက်ပေးနေသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် ယင်းချောင်းတံတားသည် ရန်ကုန်နှင့် မန္တလေးမြို့တို့ကို ဆက်သွယ်ဖြတ်သန်း ဖောက်လုပ်ပေးထားသည့် မိုင် ၄၀၀ အရှည်ရှိသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ပဲခူးတိုင်း သာယာဝတီမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ မကွေးတိုင်း အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်မြို့နယ်တို့နှင့် မန္တလေးတိုင်း ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မလှိုင်၊ တံတားဦးမြို့နယ်တို့ကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ပြီး မကွေးတိုင်းအတွင်း ၁၃၂ မိုင်အရှည်ပါဝင်ကြောင်း၊ ထို့ကြောင့် ယခုဖွင့်လှစ်သည့် တံတားသည် ရန်ကုန်၊ ပဲခူး၊ မကွေး၊ မန္တလေးတိုင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့်လမ်းကြောင်းတွင် အရေးပါသော တံတားတစ်စင်းဖြစ်ကြောင်း။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနက အသစ်ဖောက်လုပ်နေသည့် နေပြည်တော်- တောင်ညို- မြို့သစ်- ကန်ပြားလမ်းနှင့်လည်း ဆက်စပ်တည်ရှိနေသည့် တံတားတစ်စင်းဖြစ်သည့်အတွက် အဓိကကျသော တံတားတစ်စင်းလည်းဖြစ်ကြောင်း၊ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြားလမ်းသည် ပဲခူးရိုးမကိုဖြတ်ကျော်ပြီး နေပြည်တော်နှင့်မကွေးမြို့ကို ဆက်သွယ်ပေးသည့် ၁၀၇ မိုင်ကျော်ရှည်သည့် လမ်းသစ်ကြီးဖြစ်ကြောင်း၊ ယခုအခါ မြေသားလမ်းပြီးစီးနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ယင်းချောင်းတံတားတည်ဆောက်ပေးလိုက်သည့်အတွက် နတ်မောက်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် မြို့သစ်-တောင်တွင်းကြီး-ပြည်-ရန်ကုန်ထိနှင့် မြို့သစ်-နေပြည်တော်ထိ ရာသီမရွေး၊ အချိန်အခါမရွေးသွားလာဆက်သွယ်နိုင်တော့မည် ဖြစ်ကြောင်း။

ယခုကဲ့သို့ မိမိတို့နယ်မြေအတွင်း ပေ ၁၈၀နှင့်အထက် တံတားတစ်စင်း တည်ဆောက်ပေးသည့်အတွက် ဒေသခံပြည်သူများကလည်း ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိကြမည် ဖြစ်သကဲ့သို့ တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများကတည်ဆောက်ပြီး တံတားများ မပျက်စီးရအောင် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြဖို့ မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက တံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီး၊ တိုင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များသည် တံတားမုခ်ဦးသို့ သွားရောက်နေရာယူကြပြီး တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဒေသခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးထွဋ်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (စီမံကိန်း) ဦးကျော်လှိုင်တို့က ယင်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီး၊ တိုင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များသည် မုခ်ဦးရှေ့၌ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ယင်းချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီး၊ တိုင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းချောင်းတံတား အမျိုးအစားမှာ အပေါ်ထည်ကို ဘေလီနှင့် တံတားအောက်ထည်ကို သစ်မာပိုင်တိုင်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည် ပေ ၃၂၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ၁၀ လက်မခွဲ၊ ယာဉ်တစ်လမ်းမောင်းနှင့် ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၁၅ တန် ဖြစ်သည်။

မကွေးတိုင်း မကွေးခရိုင် နတ်မောက်မြို့နယ် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ်ရှိ အစင်း ၂၄၀ မြောက် ယင်းချောင်းတံတားကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

ယခုဖွင့်လှစ်သည့် ယင်းချောင်းတံတားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် အစင်း ၂၄၀ မြောက် တံတားဖြစ်ပြီး မကွေးတိုင်း၏ အစင်း ၂၀ မြောက် ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

ယင်းချောင်းတံတား ဖွင့်လှစ်ပေးသည့်အတွက် မကွေးတိုင်းမှ ထွက်ရှိသည့် မြေပဲ၊ နှမ်း၊ ဆန်စပါးနှင့် ကောက်ပဲသီးနှံများကို ပြည်နယ်နှင့်တိုင်းအသီးသီးသို့ မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများလည်း အဘက်ဘက်က ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ယင်းချောင်းရေကျနေချိန်တွင် ယာဉ်များဖြတ်ကူးနိုင်သည့် အချိန်အထိ ငါးနာရီခန့် စောင့်ဆိုင်းနေရန် မလိုတော့ဘဲ အချိန်ကုန်သက်သာစွာဖြင့် တံတားကြီးပေါ်မှ ဖြတ်သန်းသွားနိုင်မည်ဖြစ်သည့်အတွက် ခရီးလမ်းပန်းဆက်သွယ်မှုများ ပိုမိုမြန်ဆန် သွက်လက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇွန် ၂၀ ရက်က မြန်မာနိုင်ငံအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု၍ ထားဝယ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ အရိပ်ရနှစ်ရှည်ပင်ပေါင်း ၄၇၀၀ ကျော်ကို ထားဝယ်မြို့အဝင် အိမ်ရှေ့ပြင်ရပ်ကွက်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြလင်းစိန်ဦးဆောင်၍ စိုက်ပျိုးပေးစဉ်။ (သစ်တော)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာ ဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပါကစ္စတန်သို့ အက်ဖ်-၁၆ ဖယ်လ်ကွန်ဂျက်တိုက်လေယာဉ်အသစ်များ အမေရိကန်ပေးပို့

ဝါရှင်တန် ဇွန် ၂၇

ဝါရှင်တန်နှင့် အစ္စလာမ္မာဘတ်အကြား စစ်ရေးဆက်သွယ်မှု ခိုင်မာကြောင်းပြသသည့်အနေဖြင့် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်အသစ် ၁၈ စင်းအနက် ပထမအသုတ်ကို အမေရိကန်က ပါကစ္စတန်သို့ ပေးပို့ခဲ့သည်။

အမေရိကန် အက်ဖ်-၁၆ ဖယ်လ်ကွန် ဂျက်တိုက်လေယာဉ် တစ်စင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်သောသတင်းအရ အက်ဖ်-၁၆ တိုက်လေယာဉ်သုံးစင်းသည် ပါကစ္စတန်နိုင်ငံသို့ စနေနေ့ က ရောက်ရှိခဲ့ပြီး ကျန် ၁၅ စင်းကို ၂၀၁၀ ခုနှစ်နောက်ပိုင်း ၂၀၁၁ ခုနှစ်အစောပိုင်းတွင် ပေးပို့မည်ဟုဆိုသည်။

ပါကစ္စတန်နိုင်ငံက ၎င်းလေယာဉ်အသစ်များအတွက် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံပေးရမည်ဖြစ်၍ လက်ရှိသုံးစွဲနေသော အက်ဖ်-၁၆ လေယာဉ်များကို နည်းပညာ အဆင့်မြှင့်တင်ပေးသည့်အတွက် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ပေးရမည်ဖြစ်သည်။

၁၉၉၀ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံက နျူကလီးယားလက်နက် ထုတ်လုပ်ရန် ကြိုးပမ်းနေသည့်အတွက် အမေရိကန်အစိုးရက အရေးယူပိတ်ဆို့ခဲ့စဉ် ယင်းနိုင်ငံသို့ အက်ဖ်-၁၆များ ပေးပို့ရန်ကိစ္စကို ရပ်ဆိုင်းထားခဲ့သည်။ သို့သော်လည်း ယင်းကဲ့သို့ အရေးယူမှုက ပါကစ္စတန်နိုင်ငံ၏ ကြိုးပမ်းမှုကို ဟန့်တားနိုင်ခြင်းမရှိခဲ့ပေ။ ***အမ်အင်အေ၊ရိုက်တာ။***

ဖိလစ်ပိုင်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

မနီလာ ဇွန် ၂၇

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း လာဂူနာပြည်နယ်ရှိ ဘတ်စ်ကားကုမ္ပဏီဝင်းတစ်ခု၌ ဇွန် ၂၄ ရက်ညနေက ဗုံးပေါက်ကွဲခဲ့ရာ အမျိုးသားတစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသဆိုင်ရာ သတင်းတစ်ရပ်၌ ဇွန် ၂၅ ရက်တွင် တင်ပြထားသည်။

အဆိုပါဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသောသူကို ဆေးရုံသို့ တင်ဆောင်ထားသည်ဟု ထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

သေဆုံးသူများသည် ဘီနန်မြို့ရှိ ဘက်စ်ကားကုမ္ပဏီတစ်ခုမှ စက်ပြင်ဆရာများဖြစ်ကြောင်း၊ ၎င်းတို့သည် ည ၈ နာရီခွဲခန့်တွင် ဗုံးဖောက်ခွဲသူဟုယူဆရသူနှင့်အတူ အရက်သေစာသောက်စားနေစဉ် အငြင်းအခုံဖြစ်ပြီး ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပြီးနောက် ဗုံးခွဲခဲ့သူဟုယူဆရသူသည် ၎င်း၏ လုပ်ဖော်ကိုင်ဖက်များ၏ အကာအကွယ်ဖြင့် ထွက်ပြေးရန်ကြိုးစားခဲ့သော်လည်း ရဲတပ်ဖွဲ့က ၎င်းကိုဖမ်းဆီးနိုင်ခဲ့သည်ဟု သတင်း၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ စစ်ယာဉ်တိမ်းမှောက်၍ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၇

အီရတ်နိုင်ငံတောင်ပိုင်းတွင် စစ်ဘက်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိကြောင်း တနင်္ဂနွေနေ့တွင် အမေရိကန်စစ်ဘက်က ပြောကြားသည်။

သောကြာနေ့က ဘဂ္ဂဒက်မြို့ တောင်ဘက် ကီလိုမီတာ ၁၈၀ ခန့်အကွာရှိ အယ်လ်ဒီဝါနီယတ်မြို့ တောင်ပိုင်းတွင် အမေရိကန်စစ်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

၂၀၀၃ ခုနှစ် အမေရိကန် ဦးဆောင်သော အီရတ်စစ်ပွဲဖြစ်ပွားချိန်မှစ၍ ယခုနောက်ဆုံး သေဆုံးမှုအပါအဝင် အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၄၄၀၉ ဦးခန့် သေဆုံးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ကိန်းဂဏန်းများအရ သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မက္ကဆီကိုပင်လယ်ကွေ့ ရေနံပြင်ရှင်းလင်းမှုလုပ်ငန်း အပူပိုင်းမုန်တိုင်းကြောင့် ပိုမိုခက်ခဲလာဖွယ်ရှိ

မီယာမီ ဇွန် ၂၇

ကာရစ်ဘီယံပင်လယ်ပြင်၌ ဖြစ်ပေါ်လျက်ရှိသော အပူပိုင်းမုန်တိုင်း အဲလက်စ်ကြောင့် မက္ကဆီကိုပင်လယ်ကွေ့ ရေနံယိုဖိတ်မှု ရှင်းလင်းရေးလုပ်ငန်း ပိုမိုရှုပ်ထွေးခက်ခဲလာဖွယ် ရှိကြောင်း ကျွမ်းကျင်သူများက စနေနေ့တွင် ပြောကြားသည်။

အမေရိကန်အမျိုးသား ဟာရီကိန်းဗဟိုဌာန၏ ထုတ်ပြန်ချက်အရ အဲလက်စ် ဟာရီကိန်းမုန်တိုင်းသည် ဘယ်လီဇေးနိုင်ငံ ဆယ်လ်မိုပင်မြို့တော်၏ အရှေ့ဘက်မိုင် ၂၀၀ ခန့်အကွာ၌ ဖြစ်ပေါ်လျက်ရှိပြီး လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၄၀ နှုန်းဖြင့် တိုက်ခတ်နေကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီ ရှစ်မိုင်နှုန်းဖြင့် ရွေ့လျားနေပြီး မက္ကဆီကိုပင်လယ်ကွေ့ဒေသသို့ ဦးလှည့်ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

အမေရိကန်အမျိုးသား ဟာရီကိန်းဗဟိုဌာန၏ ငါးရက်တာခန့်မှန်းချက်အရ အဲလက်စ်မုန်တိုင်းသည် အမေရိကန်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံအကြား မက္ကဆီကိုပင်လယ်ကွေ့ဒေသသို့ ဦးတည်နေကြောင်းသိရသည်။ သို့သော် ဇူလိုင် ၂၀ရက် ရေနံတွင်းတူးစင် ပေါက်ကွဲနစ်မြုပ်မှုကြောင့် ဖြစ်ပေါ်လာသော ရေမရေနံပြင်ကြီးရှိရာ ဒေသအပါအဝင် ကျယ်ပြန့်သောနယ်မြေအတွင်း မုန်တိုင်းသည် အချိန်မရွေး လမ်းကြောင်းပြောင်းလဲသွားနိုင်ကြောင်း ခန့်မှန်းချက်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ပါကစ္စတန်၌ မိုးသက်မုန်တိုင်းကျရောက်၊ ၁၁ ဦးသေဆုံး

အစ္စလာမ္မာဘတ် ဇွန် ၂၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ချစ်ထရယ်ခရိုင်တွင် လွန်ခဲ့သောရက်များက မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးသက်မုန်တိုင်းများ ကျရောက်ခဲ့ရာ လူအသေအပျောက်ရှိခဲ့ပြီး ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ပျောက်ဆုံးနေသူ ၁၁ ဦး၏ အလောင်းကို ရှာဖွေတွေ့ရှိကြောင်း ပြည်တွင်းရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်။

ချစ်ထရယ်ခရိုင်ဒေသအများအပြား၌ မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် မိုးသက်မုန်တိုင်းများ ကျရောက်ခြင်းတို့ကြောင့် လူပေါင်းများစွာ ပျောက်ဆုံးလျက်ရှိကြောင်း၊ လူအများအပြားအိုးအိမ်စွန့်ထွက်ပြေးရပြီး အချို့မှာ လုံခြုံရာ၌ ခိုအောင်းနေရကြောင်း သိရသည်။

ကယ်ဆယ်ရေးအဖွဲ့များက ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

မြောက်ဝါဇီရစ္စတန်လူမျိုးစုဒေသ မီရန်ရှားမြို့အနီးရှိ အမေရိကန် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော အိမ်တစ်လုံးအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှု စစ်သွေးကြွနှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် ဇွန် ၂၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုဒေသ၌ အမေရိကန် မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွနှစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

ပစ်မှတ်ထား

မြောက်ဝါဇီရစ္စတန်လူမျိုးစုဒေသ မီရန်ရှားမြို့အနီး အိမ်တစ်လုံးအား ပစ်မှတ်ထား၍ ဇွန် ၂၅ ရက်က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြသည်။

အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်တစ်စင်း ပစ်ခတ်မှုကြောင့် အိမ်တစ်လုံး လုံးဝပျက်စီးသွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်မှုဖြစ်ပွားစဉ် သေဆုံးခဲ့သော စစ်သွေးကြွနှင့် အရပ်သားအရေအတွက်ကို မသိရသေးဟုဆိုသည်။

လေးရာမျှသေဆုံး

ဇွန်လစောစောပိုင်းက ထုတ်ပြန်ခဲ့သော ကိန်းဂဏန်းအရ ပါကစ္စတန်နိုင်ငံတွင် အမေရိကန် မောင်းသူမဲ့လေယာဉ်များ၏ တိုက်ခိုက်မှုများကြောင့် ယခုနှစ်အတွင်း လူပေါင်းလေးရာနီးပါး သေဆုံးခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ပီကေကေအဖွဲ့များလက်ချက် တူရကီတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံး

အင်ကာရာ ဇွန် ၂၇

မတရားအသင်းအဖြစ် ထုတ်ပြန်ကြေညာထားသော ကာဒစ်စတန် အလုပ်သမားပါတီ (ပီကေကေ)အဖွဲ့ဝင် စစ်သွေးကြွများလက်ချက်ဖြင့် တူရကီနိုင်ငံ အီလာဇစ်ချ်ပြည်နယ်အရှေ့ပိုင်း၌ တူရကီတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

စစ်သွေးကြွများသည် ဇွန် ၂၇ ရက် နှောင်းပိုင်းက အိမ်သို့ပြန်လာကြသော ရွာသားများကို ရန်လိုတိုက်ခိုက်ခဲ့ရာမှ တူရကီတပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ခဲ့သည်။

အဆိုပါတိုက်ပွဲ၌ တူရကီတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု တူရကီတပ်ဖွဲ့က ပြောကြားခဲ့သည်။

တူရကီနိုင်ငံတွင် စစ်သွေးကြွများကို တိုက်ခိုက်ရန်ပြီးခဲ့သော ရက်သတ္တပတ်ကပင် တပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားသည်။

ပီကေကေအဖွဲ့သည် ၁၉၈၄ ခုနှစ်က လက်နက်စွဲကိုင်ပြီး ပဋိပက္ခများ ဖန်တီးခဲ့ရာ လူ ၄၅၀၀၀ ခန့် သေဆုံးခဲ့သဖြင့် တူရကီနိုင်ငံအစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းအများစုတို့က အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ခဲ့ကြသည်။

ပီကေကေအဖွဲ့၏ တိုက်ခိုက်မှုများကြောင့် ပြီးခဲ့သောလအနည်းငယ်ခန့်က တူရကီတပ်ဖွဲ့ဝင် ၄၀ ကျော် သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

လက်ဘနွန်နိုင်ငံ ထရီပိုလီမြို့မြောက်ပိုင်းရှိ ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော အကူအညီပစ္စည်းများ တင်ဆောင်လာသည့် ဂျူလီယာ(ခေါ်) မာရီယန်သင်္ဘောအား ဇွန် ၂၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရန်ပါလီမန်အဖွဲ့ ကူညီရေးသင်္ဘောနှင့် ဂါဇာသို့လိုက်မည်ဟုဆို

တီဟီရန် ဇွန် ၂၇

အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသကို ပိတ်ဆို့ထားခြင်းအား ကန့်ကွက်သောအားဖြင့် လက်ဘနွန်မှ ဂါဇာသို့ ထွက်ခွာမည့် အကူအညီအထောက်အပံ့ပစ္စည်းများ တင်ဆောင်ထားသည့် သင်္ဘောနှင့်အတူ အီရန်ပါလီမန်အမတ်များအဖွဲ့တစ်ဖွဲ့က လိုက်ပါရန်စီစဉ်နေကြောင်း အမတ်တစ်ဦးက စနေနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းပါလီမန်အမတ်များသည် ဂါဇာဒေသသို့ ရောက်ရှိရန် အီဂျစ်နိုင်ငံကိုဖြတ်၍ ကုန်းလမ်းမှ မသွားလိုဘဲ ရေလမ်းကြောင်းမှ သွားလိုကြောင်း အီရန်ပါလီမန် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးရာမူဝါဒကော်မရှင်အဖွဲ့ဝင် မာမွတ်အာမက်ဒီဘိုင်ဟတ်ရှ်ကအိုင်အက်စ်အင်အေသတင်းဌာနကို ပြောကြားခဲ့သည်။

လက်ဘနွန်မှ ဂါဇာသို့ သင်္ဘောတစ်စင်း ထွက်ခွာမည်ဖြစ်ကြောင်း၊ အီရန်လွှတ်တော်အမတ်များသည် ယင်းသင်္ဘောနှင့် ဂါဇာသို့ လိုက်ပါကြမည်ဖြစ်ကြောင်း၊ အဆိုပါသင်္ဘောကို အစ္စရေးနိုင်ငံက ခြိမ်းခြောက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အစ္စရေးနိုင်ငံက ဂါဇာကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာမှ ၂၀၀၉ ခုနှစ် ဇန်နဝါရီအထိ ဝန်းရံထားစဉ် အီဂျစ်နိုင်ငံက ဂါဇာနယ်စပ်ကို ပိတ်ဆို့ထားခဲ့သည်။ ယင်းလုပ်ရပ်ကို ပြန်လည်သိက္ခာဆယ်ရန်အတွက် အဖွဲ့ဝင်လေးဦးပါ အီရန်ပါလီမန်အဖွဲ့ကို ရာဖာနယ်စပ်မှ ဖြတ်သန်းရန် အီဂျစ်က ခွင့်ပြုခြင်းဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် အာမက်ဒီဘိုင်ဟတ်ရှ်က ဝေဖန်သည်။

လွန်ခဲ့သည့်အပတ်က ပါရီ၌ မှတ်ပုံတင်ထားသော ဂျူလီယာသင်္ဘောကို မာရီယန်ဟု အမည်သစ်ပေးကာ ဆိုက်ပရပ်စ်မှတစ်ဆင့် ဂါဇာသို့ထွက်ခွာရန် လက်ဘနွန်က ခွင့်ပြုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဝန်ကြီး ဦးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်း၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၇

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်ခန့်အကွာ ရဲယမန်းရွာအနီး အမှတ်(၂) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး တမံအတွင်း ရေဝင်ရောက်နေမှုနှင့် ရေသိုလှောင်ထားရှိမှု၊ ဖိအားမြင့် သံမဏိပိုက်လိုင်းများ တပ်ဆင်ပြီးစီးမှုနှင့် ကွန်ကရစ်သွန်းလောင်းပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှု၊ Decoration Work များ ဆောင်ရွက်ပြီးစီးမှုနှင့် Tailrace Channel & Switchyard Slope Protection လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ပင်မတမံပေါ်မှ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဓာတ်အားပေးစက်ရုံအတွင်း၌ အမှတ်(၁)စက်မှ ဓာတ်အားထုတ်လွှတ် မောင်းနှင်နေမှု အခြေအနေနှင့် အမှတ်(၂)စက် ဓာတ်အားထုတ်လွှတ်မောင်းနှင်နိုင်ရန်အတွက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ အမှတ်(၃) စက်အတွက် Rotor လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် အမှတ်(၄) စက်အတွက် Stator လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် အမှတ်(၁)စက် Turbine လည်ပတ်မောင်းနှင်နေမှုနှင့် အမှတ်(၂)စက် Turbine တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကို လည်းကောင်း၊ Control Room ၌ Computer System ဖြင့် ဓာတ်အားပို့လွှတ်မှု အခြေအနေနှင့် ဓာတ်အားပေးစက်ရုံ Decoration Work များ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက စီမံကိန်း၏ ပင်မတမံလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ် အဝင်ပိုင်းနှင့် အထွက်ပိုင်းလုပ်ငန်းများ၊ ရေပိုလွှဲ တည်ဆောက်ပြီးစီးမှုနှင့် ဖိအားမြင့်သံမဏိပိုက်လိုင်းများ တပ်ဆင်ပြီးစီးမှု၊ ကွန်ကရစ်သွန်းလောင်းပြီးစီးမှုနှင့် ဓာတ်အားပေးစက် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ စက်ရုံရေထုတ်မြောင်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် Switchyard တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က အမှတ်(၁)စက်မှ ဓာတ်အားစတင် ထုတ်လွှတ်ချိန်မှ ယနေ့အထိ ဓာတ်အားထုတ်လွှတ်ပေးနိုင်သည့် အခြေအနေများနှင့် အမှတ်(၂)စက်မှ မကြာမီ ဓာတ်အားထုတ်လွှတ်ပေးနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်အစိတ်အပိုင်းများ စနစ်တကျနှင့် အချိန်မီ ပြီးစီးအောင် တပ်ဆင်ရေးတို့ကို တာဝန်ရှိသူများအား အသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရဲရွာရေအားလျှပ်စစ်

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရဲရွာရေအားလျှပ်စစ် စီမံကိန်းတွင် လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဗဟိုသမဝါယမကောလိပ်(ဖောင်ကြီး) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇွန် ၂၇

ဗဟိုသမဝါယမကောလိပ် (ဖောင်ကြီး)၌ ၂၀၀၀ ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူများက အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်သည်။ အခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီတွင် ဗဟိုသမကောလိပ်ဖောင်ကြီးတွင် ကျင်းပမည်ဖြစ်ရာ ကိုမိုးလွင် ဖုန်း- ၀၉-၅၁၀၄၃၄၉၊ မသဇင် ဖုန်း- ၂၉၈၂၂၄၊ ကိုစောထွန်းလှိုင် (ကိုမွှေးကြီး) ဖုန်း-၀၉-၈၆၁၃၃၉၉၊ ကိုဇော်လေး ဖုန်း- ၀၉-၅၄၀၈၀၁၇၊ မခိုင်သဇင်ထွန်း ဖုန်း- ၂၉၈၈၉၉၊ ၂၉၂၈၉၉၊ ကိုဖြိုးဝေလင်း ဖုန်း-၀၉-၅၃၉၃၄၀၄ တို့တွင် လျှုဒါန်းနိုင်ပြီး ကျောင်းသား၊ ကျောင်းသူအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် ကြိုပို့ကားများကို နံနက် ၇ နာရီမှစ၍ ဗိုလ်ချုပ်လမ်းနှင့် (၃၈) လမ်းထောင့် သမဝါယမဝန်ကြီးရုံးရှေ့၊ လှည်းတန်း (မာလာမှတ်တိုင်ရှေ့)၊ (၈)မိုင် (ပြည်လမ်းမှတ်တိုင်)တို့မှ လိုက်ပါနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ (ကြေးမုံ)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျောင်းကုန်း-ခံတဲ့ကျေးရွာချင်းဆက် ကျောက်ချောလမ်းအရှည် ပေ ၅၂၈၀ ခင်းခြင်းလုပ်ငန်းကို ဇွန် ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

Recycle Bag များ ဆက်လက်ရောင်းချ

ရန်ကုန် ဇွန် ၂၇

City Mart Supermarket ၏ "Helping Our Earth Stay Healthy" ဒို့ကမ္ဘာမြေကျန်းမာဖို့ ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့ အစီအစဉ်ကို ၂၀၀၈ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်အထိ အကောင်အထည်ဖော်ခဲ့ပြီး ယင်းအစီအစဉ်မှ ရောင်းရသော Recycle Bag အိတ်ပေါင်း ၂၁၈၉၇ အိတ်ရောင်းရငွေ၏ ၅၀ ရာခိုင်နှုန်း ငွေကျပ် ၇၆၆၃၉၅၀ ကို မင်္ဂလာမြန်မာအဖွဲ့သို့ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

City Mart Holding Co., Ltd. က Recycle Bag များကို ဆက်လက်ရောင်းချလျက်ရှိကြောင်း၊ Plastic အိတ်များသည် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့်အတွက် ပြန်လည်လျှော်ဖွပ်ပြီး အသုံးပြုနိုင်သော Recycle Bag များကို တွင်ကျယ်စွာ အသုံးပြုစေလိုသော ရည်ရွယ်ချက်ဖြင့် မိတ်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆွေးမြည့်လွယ်သော Plastic အိတ်အမျိုးအစား (LDPE)ကို City Mart Supermarket မန္တလေးဆိုင်ခွဲတွင် ၂၀၀၉ခုနှစ် ဇူလိုင်လမှစ၍လည်းကောင်း၊ နေပြည်တော်ရှိ Ocean Supercenter တွင် ၂၀၀၉ ခုနှစ် နိုဝင်ဘာလမှစ၍ လည်းကောင်း ပြောင်းလဲအသုံးပြုခဲ့ပြီး လက်ရှိတွင် ရန်ကုန်ဆိုင်ခွဲများ အားလုံး၌ ဆွေးမြည့်လွယ်သော Plastic အိတ်များ ပြောင်းလဲအသုံးပြုလျက်ရှိကြောင်း၊ ၂၀၁၀ ခုနှစ်အတွက် City Mart Supermarket များတွင် ရောင်းချလျက်ရှိသော ငွေကျပ် ၅၀၀၊ ငွေကျပ် ၇၀၀ နှင့် ငွေကျပ် ၁၀၀၀ တန် Recycle Bag များကို ဇွန် ၁၂ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ ထပ်မံရောင်းချပေးသွားမည်ဖြစ်ပြီး ရောင်းရငွေမှ ၅၀ ရာခိုင်နှုန်းကို မင်္ဂလာမြန်မာအဖွဲ့က ဆောင်ရွက်နေသော ကျောင်းသားကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျောင်းပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဇွန် ၂၇

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၄)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ကျေးလက်တောရွာအနှံ့ နေရောင်ခြည်စွမ်းအင် သုံးနိုင်တော့မည်၊ နေအိမ်ခန်း၊ စက်ရုံအလုပ်ရုံသုံးနှင့် လမ်းမီး နေရောင်ခြည်စွမ်းအင်အတွက်လည်း ဆောင်ရွက်ပေးမည်၊ လျှပ်စစ်မော်တော်ကားလည်း ထုတ်လုပ်လျက်ရှိ စသည့် မျက်နှာဖုံးအထူးသတင်းများ၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ကားမျိုးစုံ အစီး ၃၀၀၀ ထုတ်လုပ်မည်၊ အဆင့်မြင့်ကားများ ဈေးနှုန်းသက်သာ၊ ပစ္စည်းကောင်း၊ ပုံစံလှ၊ ခေတ်မီသဖြင့် လူကြိုက်များ၊ စူပါမတ်ကက်နှင့် ဟိုက်ပါမတ်ကက်ဈေးကွက်တွင် ရှေ့ကရပ်တည်နေနိုင်အောင် အများကြီးကြိုးစားရမည် စသည့် အထူးသတင်းဆောင်းပါးနှင့် အထူးသတင်းဓာတ်ပုံများ၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ မောင်ထွန်းလွင် (မိုးလေဝသ)တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မောင်စူးစမ်း ဒီမိုကရေစီခရီးစဉ်ငါးမျိုး ဆောင်းပါး အပါအဝင် စည်းရုံးလှုပ်ရှားနိုင်ငံရေးပါတီများ သတင်းဆောင်းပါးတို့ကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ စသည့် ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့ပြင် မည်သူမဆို အသည်းရောင်အသည်းဝါ(ဘီ) ကာကွယ်ဆေးထိုးနိုင်ပြီ၊ နာဂစ်လဲသစ်ပင်များထက် နှစ်ဆကျော် ပိုပြီးစိုက်မည်၊ ထိုင်း-မြန်မာ လမ်းမသစ်ဖောက်လုပ်ရေးအဆိုပြု၊ ရန်ကုန်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအား လုပ်ငန်းသုံးမော်တော်ယာဉ် မဲနှိုက်ချထားပေး၊ နေ့စဉ်ပြေးဆွဲနေသော မီးရထားနှင့် မြို့ပတ်ဆင်ခြေဖုံးရထား ၂၀၀ ခန့်နှင့် အမြန်ရထား ၁၃ စင်း၊ စာပို့လော်ကယ် ငါးစင်းနှင့် ကုန်ရထားနှစ်စင်း ပြေးဆွဲလျက်ရှိ စသည့် စိတ်ဝင်စားဖွယ် သတင်းများ ဖော်ပြပါရှိသည်။

မြန်မာပို့စ်ဂျာနယ် တစ်နှစ်ပြည့် အမှတ်တရအဖြစ် နိုင်ငံတကာ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အမြို့မြို့ အနယ်နယ် အိမ်ခြံမြေရောင်းဝယ်ငှား သတင်းများ ပါဝင်သော Property Post အထူးကဏ္ဍနှင့် ကမ္ဘာ့ဖလားသတင်းများကို စုံလင်စွာ ဖော်ပြထားသည့် 2010 World Cup Football အထူးစာမျက်နှာတို့ကို ဖော်ပြထားသည်။ (သတင်းစဉ်)

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများဖြစ်သော ပဲခူးမြို့မဈေးကြီးရှိ ဈေးရုံအတွင်းအပြင်နှင့် ဈေးပတ်လည်ရေမြောင်းများ၊ အိမ်သာများ၊ သားငါးတန်းများအား ခြင်ဆေးဖျန်းခြင်းနှင့် ရေလှောင်ကန်များကို ကျန်းမာသန့်ရှင်းသော သောက်သုံးရေဖြစ်စေရန် အဘိတ်ဆေးများခတ်ခြင်းကို အဖွဲ့ရုံးမှ ဒု-ဦးစီးမှူး(ဈေး)၊ ကျန်းမာရေးမှူး နှင့် ဈေးအကျိုးဆောင်အဖွဲ့များ ပူးပေါင်း၍ ဇွန် ၈ ရက်က ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

လက်တွေ့သရုပ်ပြ

ညောင်လေးပင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ မြန်မာသီဟကုမ္ပဏီ၏ မီးသတ်ဆေးဘူးအသုံးပြုပုံ ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဇွန် ၂၄ ရက်တွင် ကျင်းပရာ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူတို့ လက်တွေ့သရုပ်ပြသနေမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံ ကျေးလက်ဖွံ့ဖြိုးရေး သင်တန်းဆင်းပွဲ၌ ဝန်ကြီး ဦးဌေးဦး ဂုဏ်ပြုအမှာစကား ပြောကြား

နေပြည်တော် ဇွန် ၂၇

ကိုရီးယားသမ္မတနိုင်ငံ၌ ရောက်ရှိနေသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၁ ရက် မွန်းလွဲပိုင်းတွင် ဆိုးလ်မြို့ရှိ Seamaeul Undong Center သို့ သွားရောက်၍ Global Seamaeul Undong ၏ ကော်မရှင်နာ Mr. Dong Cho Lee နှင့် တွေ့ဆုံကာ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် Seamaeul Undong Training Center ၌ မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စံပြရွေးချယ်ထားသော နေပြည်တော်ပျဉ်းမနားမြို့နယ် နတ်သရဲကျေးရွာနှင့် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ဇီးကုန်းကျေးရွာတို့မှ တောင်သူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့သည့် Seamaeul Undong ကျေးလက်ဖွံ့ဖြိုးရေးသင်တန်း၏ သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

ဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ခါနန် တောင်သူလယ်သမားလှုပ်ရှားမှုဆိုင်ရာ ကော်ပိုရေးရှင်း ဥက္ကဋ္ဌ Dr. Kim Bum II နှင့် ခါနန်တောင်သူလယ်သမားလှုပ်ရှားမှု ဌာနချုပ် ဆိုးလ်မြို့ ညွှန်ကြားရေးမှူးချုပ် Mr. Kim Gi Joong တို့နှင့် တွေ့ဆုံပြီး ခါနန် တောင်သူလယ်သမားအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော တောင်သူပညာပေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းများကို ဆွေးနွေးခဲ့ကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ကိုရီးယားသမ္မတနိုင်ငံ ကွန်ဂျူမြို့ရှိ TYM-Tong Yung Mool San Co. က ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုလေ့လာစဉ်။ (စိုက်ပျိုးရေး)

ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် ကွန်ဂျူမြို့ရှိ TYM-Tong Yung Mool San Co. သို့ သွားရောက်၍ လယ်ယာသုံး လက်တွန်းထွန်စက်များ၊ ကောက်စိုက်စက်များ၊ ရိတ်သိမ်း ခြွေလှေ့စက်များ (Combine Harve Star) နှင့် လယ်ထွန်စက်များ ထုတ်လုပ်မှုနှင့် ထုတ်လုပ်ထားသော လယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ဘူအန်မြို့ရှိ Seamangeum Project သို့ သွားရောက်၍ ပြခန်းများကို ကြည့်ရှုလေ့လာကြရာ Seamangeum Project ညွှန်ကြားရေးမှူးချုပ် Mr. CHO In Hyun နှင့် အဖွဲ့ဝင်များက Seamangeum Project နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသကြသည်။ ဆက်လက်၍ တည်ဆောက်ပြီးစီးလျက်ရှိသော ရေဝန်တားတမံနှင့် ရေထိန်းတံခါးတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ စားနပ်ရိက္ခာစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Tae-Pyong Chang နှင့် နှစ်နိုင်ငံ လယ်ယာကဏ္ဍ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးနှင့် လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များကို ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ပြီး ညပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ Auto Industrial Group (A I G) Chairman Mr. J.K.Choi နှင့်တွေ့ဆုံကာ လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် ဆီအုန်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီး ဦးဌေးဦးသည် ဇွန် ၂၃ ရက် ညနေပိုင်းတွင် အဖွဲ့ဝင်ဖြစ်သူ စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးနှင့်အတူ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၅။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၅	၇။	"ချစ်သောမြေ ချစ်သောရေ"
၈း၃၀	၈။	ကဒပွနရေထိန်းတံခါး
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၀	၅။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅း၀၀	၆။	ကမ္ဘာ့ဖလားပုံရိပ်များ(အပိုင်း-၅)
၅း၀၅	၇။	Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
၅း၂၅	၈။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "တို့အတူရှိစဉ်တုန်းက" (အပိုင်း-၃၀)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	မနေ့က သည်နေ့နဲ့ မနက်ဖြန် (အယ်လ်ဆိုင်းဇီ၊ သရုပ်ဆောင်-နန်းဆုရတီစိုးနှင့်အဖွဲ့၊ တေးရေး-ဒီနေ့ပုဏ္ဏက)
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယပိုင်း)(အပိုင်း-၄)**
	၁၈။	"သုခုမရင်ပြင်"
	၁၉။	အစီအစဉ်ပြီး၏။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၇

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပဒုမ္မာကွင်း ဝူရှူးလေ့ကျင့်ရေးခန်းမ၌ကျင်းပရာအားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းနေရာယူကြပြီးနောက် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ စိုင်းစံထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများနှင့် မျိုးဆက်သစ် ဝူရှူး အားကစားသမားများက သရုပ်ပြကစားကြပြီးနောက် ပထမနေ့ ပြိုင်ပွဲများကို စတင်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့လက်ရွေးစင် ဝူရှူး အားကစားသမားများနှင့် မျိုးဆက်သစ် ဝူရှူးအားကစားသမားများ သရုပ်ပြကစားကြစဉ်။

(အား/က)

စိန်ဂေဟာပါရမီစင်တာ ဆိုင်သစ်ဖွင့်လှစ်

ရန်ကုန် ဇွန် ၂၇

စိန်ဂေဟာပါရမီစင်တာ ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ရန်ကုန်-အင်းစိန်လမ်းနှင့် ဗဟိုလမ်းအတွင်း ပါရမီလမ်းရှိ စိန်ဂေဟာပါရမီစင်တာ ဆိုင်သစ်အဆောက်အအုံဥပစာ၌ ကျင်းပရာ စိန်ဂေဟာမိသားစုမှ ဒါရိုက်တာများဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးအောင်ဇော်မြနှင့် ဒေါက်တာဦးထက်ကိုကိုတို့က စိန်ဂေဟာပါရမီစင်တာ ဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဧည့်ပရိသတ်တို့က စိန်ဂေဟာပါရမီစင်တာဆိုင်သစ်အတွင်းရှိ ခင်းကျင်းပြသထားသော အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ စိန်ဂေဟာပါရမီစင်တာတွင် အဆင့်မြင့်စက်လှေကားများ တပ်ဆင်ထားပြီး အထပ် လေးလွှာဖြင့် ဖွဲ့စည်းထားသည်။ ပထမထပ်ရှိ မော်တော်ယာဉ်ရပ်နားရန်နေရာ၌ ကားအစီး ၁၀၀ ကျော် ရပ်နားနိုင်သည်။

LEVEL -1 တွင် Sky Mart Supermarket နှင့် အလှကုန်ပစ္စည်းဆိုင်များ၊ စားသောက်ကုန်ဆိုင်များ၊ မိုဘိုင်းဖုန်းဆိုင်များ၊ စာအုပ်ဆိုင်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို ဖွင့်လှစ်ထားသည်။

LEVEL - 2 တွင် အမျိုးသား၊ အမျိုးသမီးသုံး နိုင်ငံခြားဖြစ် တံဆိပ်မျိုးစုံဖြင့် ဖက်ရှင်ဒီဇိုင်းစုံ၊ ဖိနပ်မျိုးစုံ၊ Fancy မျိုးစုံနှင့် ပွဲထိုင်အတွက် ပစ္စည်းမျိုးစုံတို့ကို ရရှိနိုင်သည်။

LEVEL - 3 တွင် ကျန်းမာရေးအတွက် လေ့ကျင့်ခန်းသုံးစက်ပစ္စည်းမျိုးစုံ၊ နိုင်ငံခြား ခရီးဆောင်အိတ်မျိုးစုံ၊ ပရိဘောဂပစ္စည်းမျိုးစုံ၊ ကလေးအသုံးအဆောင်ပစ္စည်းများနှင့် ကလေးကစားစရာပစ္စည်းမျိုးစုံတို့ကို ဝယ်ယူနိုင်သည်။

LEVEL - 3A တွင် Beauty Salon ဆိုင်များ၊ နိုင်ငံခြားဖက်ရှင်ဆိုင်များ၊ အိတ်မျိုးစုံဆိုင်များ၊ ဖိနပ်ဆိုင်များနှင့် ကားပစ္စည်းဆိုင်များကို ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

အပေါ်ဆုံး လေးလွှာတွင် ကလေးကစားကွင်းများ၊ Game City၊ စားသောက်ဆိုင်များ၊ iT mall၊ Internet Cafe တို့ကို ဖွင့်လှစ်ထားပြီး လူ ၁၅၀ ကျော်ဆံ့ ရုပ်ရှင်ရုံကိုလည်း မကြာမီ Blue Ocean ကုမ္ပဏီက ဖွင့်လှစ်သွားမည်ဖြစ်ကာ တစ်နေရာတည်းတွင် လိုအပ်သည်များ အားလုံး ရရှိပြည့်စုံအောင် စီစဉ်ထားသည်။

စိန်ဂေဟာအုပ်စုသည် ရန်ကုန်မြို့ လသာမြို့နယ်တွင် ဖွင့်လှစ်ထားသော စိန်ဂေဟာမှစတင်ပြီး စိန်ကောင်းဂေဟာ၊ စိန်ဂေဟာစင်ထရယ်၊ စိန်ဂေဟာ (ပြည်လမ်း)စင်တာ၊ စိန်ဂေဟာ(လှည်းတန်း)စင်တာ၊ စိန်ဂေဟာ (ဗိုလ်အောင်ကျော်)တို့ကို ဖွင့်လှစ်ခဲ့ပြီး ယခု ခုနှစ်ဆိုင်မြောက်ဆိုင်ခွဲဖြစ်သော စိန်ဂေဟာ ပါရမီစင်တာကို ဇွန် ၂၆ ရက်မှ စတင်ဖွင့်လှစ်ခဲ့ကာ နေ့စဉ် ပိတ်ရက်မရှိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

တောင်ကြီးမြို့၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်

တောင်ကြီး ဇွန် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးပွင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ညွှန့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ညွှန့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်ကြည်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးရွှေမန်းက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်နိုင်က တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်သိန်းက ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးသက်ကျော်က မြို့နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၄၅ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

ဥတုရာသီ
တောက်ပမှု၏

အမှာစကား ပြောကြား

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေး၌ အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၂၇

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ဇွန် ၂၅ ရက် ညနေပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်သည်။ အစည်းအဝေးသို့ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် ၂၀၁၀ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ကရာတေးဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အမျိုးသား တစ်ဦးချင်း "ခတ" ပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်း "ခတ" ပြိုင်ပွဲ၊ အမျိုးသား အသင်းလိုက် ' 'ခတ"ပြိုင်ပွဲ၊ အမျိုးသမီး အသင်းလိုက် "ခတ" ပြိုင်ပွဲ၊ အမျိုးသမီး ၅၀ ကီလိုနှင့်အောက် "ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသမီး ၅၅ ကီလိုနှင့်အောက် "ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသမီး ၆၁ ကီလိုနှင့်အထက် "ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသား ၅၅ ကီလိုနှင့် အောက် "ကုမိတဲ့"ပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလိုနှင့်အောက် "ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသား ၆၇ကီလိုနှင့်အောက် "ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုနှင့်အောက် "ကုမိတဲ့"ပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလို အထက် "ကုမိတဲ့"ပြိုင်ပွဲ၊ အမျိုးသမီး အသင်းလိုက်"ကုမိတဲ့" ပြိုင်ပွဲနှင့် အမျိုးသား အသင်းလိုက် "ကုမိတဲ့"ပြိုင်ပွဲများ၌ ဆုရရှိကြသူများအား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း၊ ဒိုင်လူကြီးများနှင့် အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ သူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားအကောင်းဆုံးအားကစားသမား ဆုရ မင်းဟိန်းခန့်(ရန်ကုန်တိုင်း)နှင့် အမျိုးသမီးအကောင်းဆုံးအားကစားသမား ဆုရ ပိုးမြ(ကယားပြည်နယ်) တို့အား ဆုများကို ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီး သူရဦးအေးမြင့်က ရွှေတံဆိပ် နှစ်ဆု၊ ငွေတံဆိပ် နှစ်ဆုနှင့် ကြေးတံဆိပ် တစ်ဆုရရှိသော ကယား ပြည်နယ် အမျိုးသမီးအသင်းနှင့် ရွှေ တံဆိပ် ရှစ်ဆုရရှိသော ရန်ကုန်တိုင်း အမျိုးသားအသင်းတို့အား တံခွန်စိုက် ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုများကိုချီးမြှင့် ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ပြည်နယ်နှင့် တိုင်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(ကရာတေးဒိုအဖွဲ့ချုပ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၆-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ရတနသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "သမထဉာဏ်နှင့် ဝိပဿနာဉာဏ်" တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
- ၆း၅၀ ဖူးမြော်ပူဇော်မြသလွန်စေတီတော်
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၀)**
- ၈း၃၀ ကရုဏာနှလုံးသားများဖြင့် မုဒိတာပွားစရာမြင်ကွင်းအလှ
- ၈း၅၀ Activities In The City (မြန်မာဘရူဝါရီလီမိတက် စုပေါင်းသွေးလှူဒါန်းပွဲ)
- ၉း၀၅ မြတ်သောအလှူကုသိုလ်ယူ
- ၉း၂၀ သဘင်အစွမ်းမိုးဆန်းပန်း
- ၉း၄၅ Global Panorama
- ၁၀း၁၅ သန့်ရှင်းကျန်းမာသော. . . အာဟာရပြည့်မှုများနှင့်အတူ
- ၁၀း၅၀ International Show Biz
- ၁၁း၁၀ ချစ်သောမြေ၊ ချစ်သောရေ (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၁း၂၀ လူသုံးပစ္စည်းအလေးထား စက်မှု(၁)ရဲ့စွမ်းပကား စတီးပစ္စည်းနှင့်ကြွေရည်စိမ် ပစ္စည်းစက်ရုံ(မင်းစု)
- ၁၁း၄၀ မိုးကုတ်မြို့မှ ရိုးရာအစားအစာများ နှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
- ၁၂း၂၀ မြို့ပြကျန်းမာရေး (ဒေါက်တာခင်မောင်လွင်)
- ၁၂း၅၀ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
- ၁း၀၀ "သမထဉာဏ်နှင့် ဝိပဿနာဉာဏ်" တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Celebrity Choice (Too Big)
- ၃း၁၅ စာအုပ်ပြခန်း (ဂျင်ဆင်းမြေရောက် ကင်ချီနေ့ရက် များစာအုပ်ရေးသားသူ Dr နုမြတ် နှင့်တွေ့ဆုံခြင်း)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၀)**
- ၄း၁၀ တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
- ၄း၂၀ မြတ်သောအလှူကုသိုလ်ယူ
- ၄း၄၀ သဘာဝကပေးတဲ့အကျိုးအာနိသင် (လိမ္မာလာပြီ) (ညီဘွား၊ နှင်းနန္ဒာဝင်း၊ ချစ်ဖွယ်၊ ဘဂျမ်း၊ မောင်ငယ်၊ ခေါ်လေး၊ စိုးလင်းဦး၊ သြဘာ) [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
- ၅း၀၅ Activities In The City (မြန်မာဘရူဝါရီလီမိတက် စုပေါင်းသွေးလှူဒါန်းပွဲ)
- ၅း၂၀ ကရုဏာနှလုံးသားများဖြင့် မုဒိတာပွားစရာမြင်ကွင်းအလှ
- ၅း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ International Show Biz
- ၆း၃၅ အနုပညာမိုးကောင်းကင်
- ၇း၀၅ မိုးကုတ်မြို့မှ ရိုးရာအစားအစာများ နှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
- ၇း၄၀ စာအုပ်ပြခန်း (ဂျင်ဆင်းမြေရောက် ကင်ချီနေ့ရက် များစာအုပ်ရေးသားသူ Dr နုမြတ်နှင့် တွေ့ဆုံခြင်း)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Celebrity Choice (Too Big)
- ၉း၀၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၀)**
- ၁၀း၀၀ သဘင်အစွမ်းမိုးဆန်းပန်း
- ၁၀း၂၀ Sports World
- ၁၀း၄၀ အာဆီယံစွမ်းအင်ပထမဆု၊ မင်္ဂလာဥယျာဉ်စွမ်းဆောင်မှု
- ၁၁း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၂၀ သဘာဝကပေးတဲ့အကျိုးအာနိသင် (လိမ္မာလာပြီ)
- ၁၁း၄၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မူဆယ်မြို့နယ်၌ မူးယစ်ဆေးဝါး ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေး သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၇

တီးမ ရွှေပြည်သစ်လူငယ်များပြုစုပျိုးထောင်ရေးဌာန၏ မူးယစ်ဆေးဝါးကုသခြင်း နှင့် ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲကို ဇွန် ၇ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် တီးမကျေးရွာရှိ အဆိုပါဌာန သင်တန်းခန်းမ၌ကျင်းပရာ မူဆယ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး မိုးမောင်သန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး တီးမ ရွှေပြည်သစ် လူငယ်များ ပြုစုပျိုးထောင်ရေးဌာန တာဝန်ခံ ရဲမှူးကျော်ကျော်၊ မြို့နယ် လူမှုဝန်ထမ်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထွန်းအောင်နှင့် မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးအောင်ကိုလတ်တို့က သက်ဆိုင်ရာဌာနအလိုက် သင်တန်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မူဆယ်မြို့မှ 'နေ' သောက်ရေသန့်က သင်တန်းအတွက် ဆန်အိတ် ၆၀ နှင့် သင်တန်းကာလအတွင်း သောက်သုံးရန် ရေသန့်ဘူးများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၅၅ ဦး တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စီမံကိန်းရည်မှန်းချက်တာဝန်များ ဖန်းမော်မြို့နယ်၌ပေးအပ်

ဖန်းမော် ဇွန် ၂၇

ဖန်းမော်မြို့နယ်၏ ၂၀၁၀-၂၀၁၁ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန် ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက ဖန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးခင် မောင်ချိုနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ၅၈ အုပ်စုမှ ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက် ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ချို က ဖန်းမော်မြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်မှုနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးမျိုးဝင်းက ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းရည်မှန်းချက် များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ချို က ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်း ချက်တာဝန်များကို ကဏ္ဍအလိုက်ပေးအပ် ရာ တာဝန်ရှိသူများကလက်ခံပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရ သည်။ **(အပေါ်ဝဲပုံ)** (ခရိုင်ပြန်/ဆက်)

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၇

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရ ပို့ဆောင်ရေး(က)အသင်းနှင့် ဒုတိယဆုရ ပို့ဆောင်ရေး(ခ)အသင်းတို့အား မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ပိုက်ကျော်ခြင်းတာဝန်ခံ နာယက ဒေါ်သက်သက်ဆွေက လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရ ပို့ဆောင်ရေး(က)အသင်းနှင့် ဒုတိယဆုရ ပြည်ထဲရေးအသင်းတို့အား အမှုဆောင် ဦးခင်ထွန်းကလည်းကောင်း၊ အမျိုးသားလူသစ်တန်း နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေး(ဂ)အသင်း၊ ဒုတိယဆုရ ပို့ဆောင်ရေး(ခ)အသင်းနှင့် တတိယဆုရ ပို့ဆောင်ရေး (ဂ)အသင်း တို့အား ပို့ဆောင်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှဝင်းကလည်းကောင်း၊ အမျိုးသား လူသစ်တန်း သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးအသင်း၊ ဒုတိယဆုရ ပို့ဆောင်ရေး(က) အသင်းနှင့် တတိယဆုရ ပို့ဆောင်ရေး (ခ)အသင်းတို့အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ ဦးသောင်းထွန်းကလည်းကောင်း၊ အမျိုးသား အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ပို့ဆောင်ရေးအသင်း၊ ဒုတိယဆုရ ပြည်ထဲရေး(ခ)အသင်းနှင့် တတိယဆုရ လယ်/ဆည်(က)အသင်းတို့အား မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးညဏ်ထွန်းကလည်းကောင်း၊ အမျိုးသား အလွတ်တန်း သုံးယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရ လယ်/ဆည်(က)အသင်း၊ ဒုတိယဆုရ ကာကွယ်ရေး(က)အသင်းနှင့် တတိယဆုရ ပြည်ထဲရေး(ခ)အသင်းတို့အား မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က လည်းကောင်း ဆုများကို ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမျိုးသား အလွတ်တန်း သုံးယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရ လယ်/ဆည်(က)အသင်းအား မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင် ဆုချီးမြှင့်စဉ်။ (အား/ကာ)

○မြို့ပြနှင့်မခြား မှ

နမ့်ပေါင်ကျေးရွာကလေးတွင်လည်း မိုးရွာသွန်းတော့မည့် အရိပ်အယောင်များ ပင်ဖြစ်ပေသည်။

ယမန်နှစ် မိုးနှောင်းကာလအတွင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင် လှည့်လည်ခဲ့ရာ မြို့ပြနှင့်မခြား ဖွံ့ဖြိုးစည်ပင်လျက်ရှိသော နမ့်ပေါင်ကျေးရွာကလေးလည်းပါဝင်ခဲ့

နမ့်ပေါင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုင်းလှအောင် နမ့်ပေါင်ကွန်ကရစ် တံတားသစ် မတည်ဆောက်မီက ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို ပြောကြားစဉ်။

လေသည်။ လားရှိုးမြို့မှ တန့်ယန်းမြို့သို့ အသွား ခရီးလမ်းသင့်၍ နမ့်ပေါင်ကျေးရွာကလေး၌ ဝင်ရောက်လေ့လာဖြစ်ခဲ့သည်များကို ပြန်လည်မြင်ယောင်မိသောအခါ ကြည်နူးပီတိဖြစ်ရလေသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်း ပါဝင်သော နမ့်ပေါင်ကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၀၆ ပေ၌ တည်ရှိပြီး ကျယ်ပြန့်သောလွင်ပြင်ကို တောင်စွယ်တောင်တန်းများက ဝန်းရံလျက်ရှိသည်။ နမ့်ပေါင်ကျေးရွာအုပ်စုသည် ပူအိုက်စွတ်စိုသောရာသီဥတုရှိပြီး တစ်နှစ်ပတ်လုံး ပျမ်းမျှမိုးရေချိန်လက်မ ၅၀ ခန့် ရွာသွန်းသည်။ အမြင့်ဆုံးအပူချိန် ၃၄ ဒီဂရီဖာရင်ဟိုက်၊ အနိမ့်ဆုံးအပူချိန် သုည ဒသမ ၄ ဒီဂရီဖာရင်ဟိုက်ဖြစ်သည်။

နမ့်ပေါင်ကျေးရွာအုပ်စု၏ အရှေ့ဘက်နှင့် တောင်ဘက်တွင် နမ္မဗောဒကျေးရွာအုပ်စု၊ အနောက်ဘက်တွင် မန်ပျဉ်ကျေးရွာအုပ်စု၊ မြောက်ဘက်တွင် လုပ်ဝိုင်ကျေးရွာနှင့် မန်စယ်ကျေးရွာအုပ်စုတို့ တည်ရှိသည်။ နမ့်ပေါင်ကျေးရွာအုပ်စုကို ကျေးရွာကိုးရွာဖြင့် ဖွဲ့စည်းထားပြီး (၂၀၀၉ ခုနှစ် ဩဂုတ် ၂၂ ရက် စာရင်းအရ) အိမ်ခြေ ၉၉၃ အိမ်၊ အိမ်ထောင်စု ၉၉၃ စု၊ လူဦးရေ စုစုပေါင်း ၅၈၇၅ ဦး နေထိုင်ကြသည်။

နမ့်ပေါင်ကျေးရွာအုပ်စုတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအနေဖြင့် အခြေခံပညာအထက်တန်းကျောင်းခွဲ တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း နှစ်ကျောင်း၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန တစ်ခုတို့ကို ဖွင့်လှစ်ထားရှိသည်။ ဆက်သွယ်ရေးစခန်းနှစ်ခုနှင့် ဈေးတစ်ဈေးရှိသည်။ လားရှိုး-မိုင်းရယ်-တန့်ယန်းလမ်းပေါ်၌ တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူသည်နှင့်အမျှ လူနေမှုအဆင့်အတန်းမှာ ဒေသအတိုင်းအတာအရ မြင့်မားပြီး ဖွံ့ဖြိုးစည်ပင်လျက်ရှိသည်။

နမ့်ပေါင်ကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး လယ်ယာစပါး၊ တောင်ယာစပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်း၊ ရော်ဘာ၊ ကြံ၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ပဲစင်းငုံ၊ ပန်းဂျုံ၊ စားတော်ပဲ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသည်။ မွေးမြူရေးအနေဖြင့် ကျွဲ၊ နွား၊ ကြက်၊ ဘဲနှင့် ဝက်တို့ကို မွေးမြူကြသည်။

နမ့်ပေါင်ကျေးရွာအုပ်စုအတွင်းရှိ မိုင်းတင်းဆည်နှင့် နမ့်ပေါင်ချောင်းရေ ဦးရေထွက်တောမှ ထွက်ရှိလာသောရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် သောက်သုံးရေများအသုံးပြုကြသည်။ နမ့်ပေါင်ဆိုသည်မှာ ရှမ်းဘာသာစကား ဖြစ်ပြီး ရေပေါင်းစုံသည့်နေရာ (ချောင်းများပေါင်းစုံသည့်နေရာ)ဟု အဓိပ္ပာယ်ရသည်။

နမ့်ပေါင်ကျေးရွာအုပ်စုသည် လားရှိုး-မိုင်းရယ်-တန့်ယန်း ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး လားရှိုးမြို့နှင့် ၂၅ မိုင် ကွာဝေးသည်။ နမ့်ပေါင်ကျေးရွာ၏အလယ်မှ နမ့်ပေါင်ချောင်းဖြတ်သန်းစီးဆင်းလျက်ရှိရာ နမ့်ပေါင်ချောင်းကူးတံတားသည် လားရှိုး-မိုင်းရယ်-တန့်ယန်းမြို့များသို့ ဆက်သွယ်သွားလာရေးအတွက် အရေးပါသော တံတားတစ်စင်းဖြစ်သည်။ နမ့်ပေါင်တံတားသည် လားရှိုး-မိုင်းရယ်-တန့်ယန်းလမ်းအတွက်သာမက လားရှိုး-မယ်ဟန်-ကျေးသီးလမ်း အတွက်လည်း မရှိမဖြစ်တံတားတစ်စင်းဟု ဆိုနိုင်သည်။

နမ့်ပေါင်တံတားသည် အရှည်ပေ ၁၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် သုံးပေစီ၊ ယာဉ်တစ်စီးချင်း ခံနိုင်ဝန် တန် ၆၀၊ သံကူကွန်ကရစ်တိုင်၊ သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်သည်။ လားရှိုးခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၀၀၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ကွန်ကရစ်တံတားအသစ် မတည်ဆောက်မီက သစ်သားတံတားသာဖြစ်ခဲ့၍ တန်ချိန်များသော ယာဉ်များသွားလာရန် ခက်ခဲပြီး တံတားချို့ယွင်းမှု မကြာခဏ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

နမ့်ပေါင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုင်းလှအောင်က နမ့်ပေါင်တံတားသစ် မတည်ဆောက်မီ အခြေအနေများနှင့် စပ်လျဉ်း၍ "အရင်ကဆိုရင် တံတားအဟောင်းက ကြမ်းခင်းတွေမကောင်းလို့ ကားဘီးတွေ မကြာခဏ ကျွံကျတယ်။ ဒီလိုကျွံလိုက်၊ပျက်လိုက်ဖြစ်နေလို့ တစ်လတစ်ခေါက်လောက် ပြင်ရတယ်။ ညဘက်ဆိုရင် ကောင်းကောင်း မအိပ်ရဘူး။ တံတားအတွက် ရင်တမမနဲ့ စိုးရိမ်နေရတယ်။ သစ်သားတံတားဆိုတော့ တန်ချိန်များတဲ့ကားတွေ ဖြတ်သန်းရင် အလွန်စိုးရိမ်စရာ ကောင်းတယ်။ တံတားပေါ်က ကလေးတွေ ပြုတ်ကျတာ နှစ်ခါတောင်ရှိခဲ့တယ်။ ဒီလိုမဖြစ်အောင် တံတားနှစ်ဖက်ကို စည်းရိုးလေးတွေ ကာပေးခဲ့ရတယ်။ ၁၉၉၈ ခုနှစ်တုန်းက ချောင်းရေကြီးပြီး တံတားထောက်တိုင် ရေစီးနဲ့ပါသွားတယ်။ နောက်မှ ကျောက်ရိုးစီပြီး ပြန်ပြုပြင်ခဲ့ရတယ်။အခုလို ကွန်ကရစ်တံတားအသစ်ကြီး တည်ဆောက်နိုင်ခဲ့လို့ အားလုံး ဝမ်းသာပီတိဖြစ်ကြရတယ်။ ခုဆိုရင် တံတားပေါ်မှာ တန်ချိန်များတဲ့ ကားတွေလည်း စိတ်ချလက်ချသွားနိုင်ပြီ။ တံတားအတွက် ပူပန်နေရတာမျိုး မရှိတော့ဘူး"ဟု ပြောကြားသည်။

နမ့်ပေါင်ကျေးရွာအဝင်မှ 'နမ့်ပေါင်'ဆိုင်းဘုတ်ကို သေသပ်လှပစွာ တွေ့ရစဉ်။

နမ့်ပေါင်ကွန်ကရစ်တံတားအသစ် ဖြစ်တည်လာခြင်းသည် ဒေသ၏ လမ်းပန်းဆက်သွယ်ရေးအတွက်သာမက နမ့်ပေါင်ရွာ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူဖြစ်စေခဲ့လေသည်။

နမ့်ပေါင်ကျေးရွာလေးမှ ခရီးဆက်ရန်ပြင်သောအခါ နံနက် ၁၁ နာရီကျော်နေလေပြီ။ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုင်းလှအောင်က နေ့လယ်စာ စားပြီးမှ ခရီးဆက်ရန် အတန်တန်တားသည့်ကြားက အားနာစွာနှင့်ပင် နှုတ်ဆက်ထွက်ခွာခဲ့ရသည်။ နမ့်ပေါင်ကျေးရွာလေး၏ ဖွံ့ဖြိုးတိုးတက်မှုကို ကားလမ်းမဘေးမှ လူနေအိမ်ခြေများနှင့် အစီအရီရှိနေသော စတိုးဆိုင်များ၊ စားသောက်ဆိုင်များက သက်သေခံလျက်ရှိပေသည်။

လားရှိုးမြို့မှ ကားဆရာ ကိုအောင်သက်က လီဗာကို ခပ်ဖွဖွနင်းရင်း "ဥက္ကဋ္ဌက သိပ်သဘောကောင်းတာဆရာ၊ နေ့လယ်စာကျွေးတာ မစားသွားလို့ စိတ်တောင်ကောင်းမှာမဟုတ်ဘူး" ဟု ပြောပါသည်။ အခါအခွင့်သင့်လျှင်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)က နမ့်ပေါင်ကျေးရွာလေးတွင် ရှမ်း ရိုးရာ ထမင်းဟင်းကို မြည်းစမ်းကြည့်ချင်ပါသေးသည်။ ။

တာမွေမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဟောပြော

ရန်ကုန် ဇွန် ၂၇

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းက ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲ၊ ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက အထက(၁) တာမွေ ပင်လုံခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး **(အောက်ပုံ)** မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာဝေဆင့်ကျော်၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီပန်းဖြူတို့က မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း အသိပညာပေး ဟောပြောကြပြီး မြို့နယ်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အခြေအနေကို ဆွေးနွေးရှင်းလင်း တင်ပြကြောင်း သိရသည်။

(ကြေးမုံ)

မြစ်ကြီးနားမြို့ပေါ် ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ပိုင်မြေကော်စက်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ဇွန် ၁၇ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံဆေးကောင်စီ ဗဟိုဦးစီးအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံဆေးကောင်စီ၏ ဗဟိုဦးစီးအစည်းအဝေးကို ဇူလိုင် ၂၆ ရက်(တနင်္လာနေ့)နံနက် ၁၀ နာရီတွင် အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံ ဆေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းအသီးသီးမှ မြန်မာနိုင်ငံဆေးကောင်စီဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(မြန်မာနိုင်ငံဆေးကောင်စီ)

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း (၁၅)ကြိမ်မြောက် မိတ်ဆုံဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ် တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း (၁၅)ကြိမ်မြောက် မိတ်ဆုံဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပရာ တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းနာယက မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးနေစိုးမောင်နှင့် အမှုဆောင်များ၊ တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း ဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက် အသင်း နာယက စာရေးဆရာ သိပ္ပံမျိုးတင်က ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းက တက်ရောက်ခဲ့သော ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ခြေလျင်နှင့် တောင်တက်ခရီးစဉ်များနှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသော နာဂစ် လေဘေးသင့်ကျေးရွာများရှိ လူမှုရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီခဲ့ကြသူများအား ဂုဏ်ပြုလွှာများနှင့် ဂုဏ်ပြုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ကျောင်းသားဟောင်း ဦးထွန်းလှအောင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကြိုဆိုနှုတ်ခွန်းဆက်

မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ် တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း (၁၅)ကြိမ်မြောက် မိတ်ဆုံဂုဏ်ပြုပွဲ အခမ်းအနားတွင် တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

❒ ရေစကြိုမြို့နယ်မှ

မြေပဲ၊ နှမ်း၊ နေကြာဆီထွက်သီးနှံ အဖြာဖြာကို နွေမိုးဆောင်း ရာသီသုံးလီအလိုက် သီးထပ်ဖြင့်တစ်ဖုံ၊ သီးညှပ်၍တစ်မျိုး တောင်သူတို့က အားကြိုးမာန်တက် စိုက်ပျိုးဆောင်ရွက်လျက် ရှိနေကြပါသည်။

ရေစကြိုမြို့နယ်၌ ၂၀၀၉-၂၀၁၀ ခုနှစ် နွေနှမ်းစိုက်ပျိုးရာသီတွင် နိုင်ငံတော်၏ အပံ့အပိုးဖြင့် တောင်သူတို့ စိုက်ပျိုးကြရာတွင် ရေရရှိရေး နည်းလမ်းအလိုက် လျာထားချက် အပြည့်အဝ စိုက်ပျိုးနိုင်ခဲ့ကြပါသည်။ ၂၀၀၉-၂၀၁၀ ခုနှစ် နွေနှမ်းကို ရေနည်းလမ်းအလိုက် စိုက်ပျိုးပြီးစီးမှုမှာ လျှပ်စစ်မြစ်ရေတင်ရေဖြင့် ၈၈ ဧက၊ မြေအောက်ရေဖြင့် ၉၂၉၅ ဧက၊ ရေစုပ်စက်ရေဖြင့် ဧက ၅၀၀ စုစုပေါင်း ၉၈၈၃ ဧက စိုက်ပျိုးထားရှိကြောင်း သိရှိရသည်။

ယခုအခါ အဆိုပါ နွေနှမ်းများမှာ အပွင့်အသီးတို့ဝေဆာ အညာမြေမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း တစေ့တစောင်းကို သတင်းမှတ်စုအဖြစ် ရေးသားတင်ပြအပ်ပါသည်။ ။

❖ ကျောဖုံးမှ

၅၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ကမ္ဘာ၏ အရိပ်က ဖုံးလွှမ်းသွားသည်ဆို၏။ ယခုနှစ်တွင် နောက်ထပ်တစ်ကြိမ် လကြတ်မှုကို ဒီဇင်ဘာ ၂၁ ရက်တွင် တွေ့မြင်ကြရဦးမည် ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ဒေသစံတော်ချိန် ၁၅း၄၆ နာရီတွင် လကြတ်မှုစတင်ပြီး ၁၈း၂၉ နာရီတွင် လကြတ်မှုဖြစ်စဉ် ပြီးဆုံးခဲ့သည်။

တစ်စိတ်တစ်ဒေသလကြတ်မှုကို သာမန်မျက်စိဖြင့် တွေ့မြင်နိုင်မည်ဖြစ်သော်လည်း အသေးစိတ်ပုံရိပ်ကို ရှုစားနိုင်ရန် မှန်ပြောင်း သို့မဟုတ် အဝေးကြည့်မှန်ပြောင်း လိုအပ်မည်ဖြစ်ကြောင်း ကာပူးက ပြောကြားသည်။

လကြတ်သည့်ညတွင် လသည် ဆာဂီတာရီးယပ်စ် (Sagittarius) နက္ခတ်စုအတွင်း ကျရောက်နေမည်ဖြစ်သည်။ ယင်းနက္ခတ်စုကို ဝေဒပညာရှင်များက လေးသမား (Archer) အရုပ်ဖြင့် အမှတ်အသားပြုသည်။

မလေးရှားနိုင်ငံတွင် လကြတ်မှုကို လေ့လာစောင့်ကြည့်နိုင်ရန် အမျိုးသား နက္ခတ္တဗေဒပြတိုက်က အထူးအစီအစဉ်တစ်ရပ် ပြုလုပ်ပေးခဲ့သည်။ ပြည်သူများသည် ယင်းပြတိုက်၌ တပ်ဆင်ထားသော အဝေးကြည့်မှန်ပြောင်းများကို အခမဲ့ သုံးစွဲခွင့်ရရှိပြီး လကြတ်မှုကို လေ့လာကြည့်ရှုခဲ့ကြသည်။

အင်တာနက်။

LUCKY BIRD ၏ GO GREEN 2010 သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

Lucky Bird ၏ Go Green 2010 သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်ဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ Lucky Bird Group of Companies မန်နေဂျင်း ဒါရိုက်တာ ဦးထင်အောင်ခိုင်၊ ဒါရိုက်တာ ဒေါ်မေဖြူသွယ်၊ မြန်မာအင်ဖိုတက်ခ် ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးသိန်းဦးနှင့် တက်ရောက်လာကြသူများက ကျွန်း၊ သရက်၊ ကြက်မောက်၊ အင်ကြင်း၊ စကားဝါ၊ ခရေ၊ ကံ့ကော်၊ ပျဉ်းမ၊ ပိန္နဲ၊ တည်နှင့် ကတ္တီပါ အပင် ၅၀ ကျော်တို့ကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်ခိုင်က Lucky Bird သည် Toshiba e-Studio Copier တစ်လုံး ရောင်းချရတိုင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ဒေသသာယာလှပရေးတို့အတွက် သစ်ပင် တစ်ပင်စီကို စိုက်ပျိုးသွားမည်ဟူသော ရည်ရွယ်ချက်အတိုင်း ယခုကဲ့သို့ သစ်ပင်များကို စိုက်ပျိုးသွားခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကမ္ဘာကြီးတစ်စတစ်စ ပူနွေးလာမှု၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးယိုယွင်းလာမှု၊ ဂေဟစနစ်များ ပြောင်းလဲလာမှုတို့၏ နောက်ဆက်တွဲ အကျိုးဆက်များကို ဖြေရှင်းရာတွင် တစ်ထောင့်တစ်နေရာက ပါဝင်ပံ့ပိုးသည့်အနေဖြင့်လည်းကောင်း၊ ကမ္ဘာမြေစိမ်းလန်းစိုပြည်ရေး (Go Green)ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်သည့်အနေဖြင့် လည်းကောင်း ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းဖြစ်သည်။

စီးပွားရေး၊ သဘာဝအလှတရားနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုများ ဟန်ချက်ညီစွာ တည်ရှိနေစေရန် Lucky Bird အနေဖြင့် အစဉ်အမြဲ အထူးဂရုပြုလျက်ရှိသည်။

Lucky Bird Go Green 2010 အစီအစဉ်အရ ယနေ့စိုက်ပျိုးသော သစ်ပင်များသည် Lucky Bird တစ်ဦးတည်းအတွက် စိုက်ပျိုးခြင်း မဟုတ်ဘဲ Toshiba e-Studio Copier ဝယ်ယူသုံးစွဲသူများ အားလုံးကိုလည်း ကိုယ်စားပြု စိုက်ပျိုး ပေးခြင်း ဖြစ်သည်။

Lucky Bird အရောင်းပြခန်းတွင် အရည်အသွေးမြင့် Toshiba MFP Digital Copier (e-Studio) များကို စိတ်ချယုံကြည်ရသော အာမခံဝန်ဆောင်မှု အပြည့် မိုးတွင်းကာလ အထူးအစီအစဉ်များဖြင့် ရောင်းချလျက်ရှိရာ အမှတ်(၃၅၅) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၈၁၆၇၊ ၃၇၉၈၇၅ နှင့် ၃၉၉၀၁၁၊ မန္တလေးမြို့ အမှတ်(၅) (၂၆)လမ်း (၇၈)လမ်းနှင့် (၇၉)လမ်းကြား ဖုန်း- ၀၂-၂၁၅၂၇၊ နေပြည်တော် သပြေကုန်းဈေး ဖုန်း- ၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်သည်။ (သတင်းစဉ်)

Lucky Bird ၏ Go Green 2010 သစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်ဝင်းအတွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ တစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အင်္ဂလန်ကို ဂိုးပြတ်သွင်းပြီး အောင်ပွဲခံသွားတဲ့ ဂျာမနီ ရွှေရောင်ကွာတားဖိုင်နယ် အိပ်မက်နဲ့ ဂါနာ

ဂျိုဟန်နက်စဘတ် ဇွန် ၂၇

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့် ဒုတိယနေ့ပြိုင်ပွဲကို ယနေ့ညဆက်လက်ယှဉ်ပြိုင်ကစားရာ ဂျာမနီက အင်္ဂလန်ကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရသွားပါတယ်။

ဂျာမနီ ၄-၁ အင်္ဂလန်

ဂျာမနီရဲ့ ပထမပွဲထွက် လူစာရင်းမှာ နူယာ၊ ဘိုတန်၊ ဖရက်ဒရစ်၊ ဖိလစ်လမ်း၊ မာတီဆက်ကာ၊ ခီဒီယာ၊ အိုဇီ၊ ရှဝိန်းစတိုင်ဂါ၊ ကလိုဆေး၊ မူလားနဲ့ ပိုဒေါစကီးတို့ ပါဝင်လာခဲ့ပြီး အင်္ဂလန်မှာတော့ ဒေးဗစ်ဂျိမ်းစ်၊ အက်ရှ်လေကိုး၊ ဂလွန်ဆင်၊ တယ်ရီ၊ အပ်ဆန်၊ ဘယ်ရီ၊ ဂျရတ်၊ လမ်းပတ်၊ မေလ်နာ၊ ဒီဖိုးနဲ့ ဝိန်းရွန်နေးတို့ ပါဝင်ခဲ့ပါတယ်။

ဂျာမနီအသင်းဟာ လျင်မြန်မှုကို အားပြုကစားတတ်တဲ့ အသင်းပီပီ ပွဲစတာနဲ့ မူလား၊ ပိုဒေါစကီး၊ ကလိုဆေးတို့တွဲလုံးတွေ့နဲ့ တိုက်စစ်ဆင်လာမှုကို အင်္ဂလန်နောက်တန်း ထိန်းချုပ်ရာမှာ အမှားများခဲ့တာကြောင့် မိနစ် ၂၀ မှာ ကလိုဆေးနဲ့ ၃၂ မိနစ်မှာ ပိုဒေါစကီးတို့က ဂျာမနီအတွက် ဂိုးတွေ သွင်းယူနိုင်ခဲ့ပါတယ်။ ပထမပိုင်းမှာ အင်္ဂလန်အတွက် ချေပဂိုးတစ်ဂိုးကို ၃၇ မိနစ်မှာ အပ်ဆန်က ခေါင်းတိုက်သွင်းယူခဲ့ပါတယ်။ ၃၈ မိနစ်မှာ လမ်းပတ်ရဲ့ကန်ချက် သိသိသာသာ ဂိုးဝင်သွားခဲ့ပေမယ့် ကွင်းလယ်ဒိုင်က ဂိုးမပေးခဲ့တာကြောင့် အငြင်းပွားဖွယ်ရာ ဖြစ်ခဲ့ရပါတယ်။

ဒုတိယပိုင်းမှာ အင်္ဂလန်အသင်း ချေပဂိုးနဲ့ အနိုင်ဂိုးရရှိရေး ကြိုးစားလာပေမယ့် တန်ပြန်တိုက်စစ်ကနေ ပွဲချိန် ၆၇ မိနစ်နဲ့ မိနစ် ၇၀ တို့မှာ မူလားက ဂျာမနီအတွက် နှစ်ဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့တာကြောင့် ပွဲအပြီး မှာ ဂျာမနီက လေးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ပါတယ်။ ဒီပွဲရဲ့ အကောင်းဆုံး ကစားသမားဆုကိုတော့ ဂျာမနီအသင်းမှ မူလားက ရရှိခဲ့ပါတယ်။

ဂျာမနီအတွက် အနိုင်သေချာစေမည့် ဂိုးကို မူလား ဤကဲ့သို့ သွင်းယူခဲ့သည်။



အမေရိကန် ၁-၂ ဂါနာ

၁၆သင်း ရှုံးထွက်အဆင့်ပြိုင်ပွဲအဖြစ် တနင်္ဂနွေနေ့ နံနက်ပိုင်းက အမေရိကန်နဲ့ ဂါနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂါနာက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး ပထမဦးဆုံး အကြိမ်အဖြစ် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပါတယ်။ ဒီပွဲမှာ ဂါနာအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၄း မိနစ်မှာ ဘိုတန်က သွင်းယူခဲ့ပြီး ပွဲချိန် ၆၂ မိနစ်မှာ ဒိုနိုဗန်က ပယ်နယ်တီကနေ အမေရိကန်အတွက် ချေပဂိုးသွင်းယူခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့ ယှဉ်ပြိုင်မှုဟာ ပွဲကစားချိန် မိနစ် ၉၀ အတွင်း တစ်ဂိုးစီ သရေကျနေတာကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားစေခဲ့ရာ သုံးမိနစ်မှာ ဂျီယန်က ဂါနာအတွက် ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ အမေရိကန်ချေပဂိုးနဲ့ အနိုင်ဂိုးရရေး ကြိုးစားလာပေမယ့် ပွဲအပြီးမှာ ဂါနာက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့ပါတယ်။

ဝင်းတင်
(ကြေးမုံ)

ဘရာဇီးနှင့် နယ်သာလန် ရှုံးထွက်အဆင့် မပြတ်ကျော်နိုင်ခဲ့လျှင် . . .

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့် တတိယနေ့ ပြိုင်ပွဲများအဖြစ် နယ်သာလန်နဲ့ ဆလိုဗက်ကီးယား၊ ဘရာဇီးနဲ့ ချီလီတို့ ယှဉ်ပြိုင်ကြမှာဖြစ်တာကြောင့် အသင်းကြီးတွေဖြစ်တဲ့ ဘရာဇီးနဲ့ နယ်သာလန်တို့ အလွယ်တကူ ကျော်ဖြတ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။

နယ်သာလန် - ဆလိုဗက်ကီးယား
၂၈-၆-၂၀၁၀(တနင်္လာနေ့)
ည ၈း၃၀ နာရီ

နယ်သာလန်ဟာ အုပ်စု (E)မှာ ခြေစွမ်းပြပြီး အုပ်စုဗိုလ်နဲ့ တက်လာခဲ့ကာ ဆလိုဗက်ကီးယားကတော့ အုပ်စု (F)မှာ အီတလီနဲ့ နယူးဇီလန်တို့ကို ကျော်ပြီး အုပ်စုဒုတိယနဲ့ တက်လာခဲ့တာပါ။ နည်းပြ ဗလာဒီမာဝှစ် ကိုင်တွယ်တဲ့ ဆလိုဗက်ကီးယားမှာ နာမည်ကြီး ကစားသမားတွေမရှိပေမယ့် ဗစ်တက်ခ်၊ ဂျာကူကို၊ ဝှစ်၊ ဟန်ဆစ်၊ မာတင်စကာတယ် စတဲ့ အမာခံ ကစားသမားတွေနဲ့ စုဖွဲ့မှုကောင်းပြီး ကစားပုံသွက်လက်လှပါတယ်။ ဒါပေမယ့် ဗန်ပါစီ၊ ရော်ဘင်၊ ဒရက်ကောက်၊ ဗန်ဒါဗက်၊ ဘွန်မဲလ်၊ ရှနိုက်ဒါနဲ့ ဒီဂျုန်းတို့ရှိနေတဲ့ နယ်သာလန်က ဆလိုဗက်ကီးယားထက် အစစအရာရာ သာပါတယ်။ ဆလိုဗက်ကီးယားက လျင်မြန်မှုကို အားပြုပြီး နယ်သာလန် ကစားကွက် တည်မရအောင် ကြိုးစားလာမှာဖြစ်တာကြောင့် နယ်သာလန် ကွာတားဖိုင်နယ်တက်နိုင်မှာဖြစ်ပေမယ့် အနည်းငယ်ခက်ခဲတဲ့ ပွဲတစ်ပွဲဖြစ်လာမှာပါ။

ဘရာဇီး - ချီလီ
၂၉-၆-၂၀၁၀(အင်္ဂါနေ့)
နံနက် ၁ နာရီ

အုပ်စု (G)က အုပ်စုဗိုလ်နဲ့ တက်လာတဲ့ ဘရာဇီးနဲ့ အုပ်စု (H)က ဒုတိယနဲ့ တက်လာတဲ့ ချီလီတို့ဟာ တောင်အမေရိကဇုန်က အသင်းတွေဖြစ်တာကြောင့် တစ်သင်းအထာကို တစ်သင်း သိပြီးသားတွေပါ။ ဒီနှစ်သင်း ခြေစစ်ပွဲ ကစားခဲ့စဉ် ဘရာဇီးက အသာရထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းမှာလည်း ဂီဘာတို၊ ရော်ဘင်ဟို၊ ကာကာ၊ ဖေဘီယာနို၊ မိုင်ကွန်တို့ ပါဝင်နေတဲ့ ဘရာဇီးက ဆွာဇို၊ ဆန်ချက်ဇ်၊ မီလ်လာ၊ ဘောင်စီဂျာတို့ ပါဝင်တဲ့ ချီလီထက်သာပါတယ်။ ဒါပေမယ့် ဒီပွဲဟာ ရှုံးထွက်ပွဲစဉ် ဖြစ်တာနဲ့အညီ အကြိတ်အနယ်ရှိလာဦးမှာ ဖြစ်တာကြောင့် ဘရာဇီးနိုင်မယ်ဆို ရင်လည်း ဂိုးပြတ်ဖို့တော့ မရှိပါဘူး။

မန္တလေးမြို့ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

မန္တလေး ဇွန် ၂၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇွန် ၁၅ ရက် ညနေ ၅ နာရီက မြို့တော်ဧရိယာအတွင်း အဓိကစီးဆင်းသော ရေမြောင်းကြီးများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသော ပရန်တော်ချောင်းအား တံခွန်တိုင်တံတားမှ ဦးရွှေတောင်တံတားအထိ ရေမြောင်းဖော်ထုတ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ လမ်း၊ တံတားဌာန ခေတ္တဌာနမှူးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ကားကြီးဝင်းမှ ငွေတချောင်းမြောင်းအား ဇောင်းကလောအင်းအထိ ရေစီးဆင်းမှုကောင်းမွန်ရေးအတွက် မြောင်းသစ်ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ လမ်း၊ တံတားဌာန ခေတ္တဌာနမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဌာနမှူးနှင့် ဌာနခွဲမှူးတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် (၇၁) လမ်းနှင့် (၃၄) လမ်းဆုံ ကွန်ကရစ်တံတား ရေတိုက်စားမှုကို ပြန်လည်ပြုပြင်ရန်အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၆၉)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၇)လမ်းနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်မြစန်း တစ်နှစ်ပြည့်အား ရည်စူး၍ ဆရာကြီးဦးစိုးတင့် မိသားစုက ထာဝရဆွမ်းပဒေသာပင်နှင့် တစ်နေ့လုံးစာ အထူးအာဟာရကျွေးမွေးရန်အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ် နည်းပြသင်တန်းဆင်းပွဲနှင့် အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားသရုပ်ပြပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၀ ခုနှစ် ပြည်နယ်နှင့်တိုင်းအဆင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ် နည်းပြသင်တန်းဆင်းပွဲနှင့် အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားသရုပ်ပြပွဲအခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် တာဝန်ခံနာယကများဖြစ်ကြသော ဒေါ်ခင်မာအေးက ဒုတိယဆုကို လည်းကောင်း၊ ဒေါ်မြင့်မြင့်အေးက တတိယဆုကို လည်းကောင်း၊ ဒေါ်နီနီဝင်းက ဆုကြေးငွေများကို လည်းကောင်း၊ ဒေါ်တင်တင်နွဲ့က သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ ဒေါ်မြသီဂီက မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ကိုယ်စား ၂၀၁၀ ခုနှစ် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ် နည်းပြသင်တန်းနှင့် ဒိုင်သင်တန်းသို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသူများအား ထောက်ပံ့ကြေးငွေကျပ် သုံးသိန်းလေးသောင်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နည်းပြသင်တန်းဆင်းကျောင်းသူများက အခြေခံကိုယ်ကာယကြံ့ခိုင်မှု စနစ်သစ်လေ့ကျင့်ခန်း၊ Step Aerobics နှင့် ချန်ပီယံမြန်မာသီချင်းဖြင့် ကြိမ်ခွေအကတို့ကို သရုပ်ပြကစားခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး ၂၀၁၀ ခုနှစ် ပြည်နယ်နှင့်တိုင်းအဆင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေး ဒိုင်သင်တန်းဆင်းပွဲတွင် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်စဉ်။ (အား/ကာ)

ဆရာဝန်အသင်း ဆေးပညာ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေး စောင့်ရှောက်မှု ဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေးရည်သန်လျက် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (Continuing Professional Development Forum) ကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ဇွန် ၃၀ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီခွဲအထိ ကျင်းပမည်ဖြစ်ရာ ဆွေးနွေးပွဲတွင် မိသားစုကျန်းမာရေး စောင့်ရှောက်မှုစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းနှင့် အထူးကုသမားတော်ကြီးတစ်ဦးအား တွေ့ဆုံခြင်းအစီအစဉ်တွင် "Q & A on Common Skin Problems in General/Family Practice" တို့ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ချောင်းဆုံမြို့နယ် စည်ပင်အဖွဲ့ အရိပ်ရပင် စိုက်ပျိုး

ချောင်းဆုံ ဇွန် ၂၇

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ တေဇဥယျာဉ်လမ်းမကြီး တစ်လျှောက်တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို ဇွန် ၂၂ ရက်က အမှုဆောင်အရာရှိ ဦးရဲဝင်းကြီးကြပ်ဆောင်ရွက်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့၏ ရက်သတ္တပတ်မှုခင်းကင်းမဲ့ဇုန်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၁ ရက်က သယ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းခိုင် မြို့နယ်အတွင်း မှုခင်းကင်းမဲ့ရေးနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးစဉ်။

(၅၀၆)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့် ပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)"အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

8 Days a Week အနုပညာဂျာနယ် တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် အမှုဆောင်အရာရှိချုပ် ဦးကိုကို ဝန်ထမ်းများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

8 Days a week အနုပညာဂျာနယ် တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၇

8 Days a week အနုပညာဂျာနယ်၏ တစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium Hotel Ballroom II ၌ ကျင်းပသည်။

8 Days a week ဂျာနယ်၏ နှစ်ပတ်လည် အခမ်းအနားသို့ ဖိတ်ကြားထားသူများ၊ သရုပ်ဆောင် အနုပညာရှင်များ၊ တေးသံရှင်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့်အရောင်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ နှစ်ပတ်လည်အခမ်းအနားတွင် အမှုဆောင်အရာရှိချုပ် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)နှင့် အယ်ဒီတာချုပ် ဒေါ်မြမာလာတို့က အဖွင့်စကားပြောကြားကြပြီး တက်ရောက်လာကြသည့် အနုပညာရှင်များကိုယ်စား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ လူမင်းက အမှတ်တရ ဂုဏ်ပြုစကားပြောကြားသည်။

အခမ်းအနားတွင် တေးသံရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြပြီး အမှုဆောင်အရာရှိချုပ် ဦးကိုကိုက 8 Days a week ဂျာနယ်တွင် တာဝန်ထမ်းဆောင်နေကြသော အယ်ဒီတာချုပ်၊ အယ်ဒီတာအဖွဲ့နှင့် ဝန်ထမ်းများအား ဆုများကို ချီးမြှင့်ကာ အရောင်းကိုယ်စားလှယ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

8 Days a week ဂျာနယ်သည် အနုပညာသတင်းများကို အသားပေးရေးသားကာ ပြည်သူများနှင့် အနုပညာရှင်များကြားတွင် ပေါင်းကူးပေးနေသည့် ဂျာနယ်ဖြစ်သည့်အပြင် အခြားစိတ်ဝင်စားစရာနှင့် သိသင့်သိထိုက်သော အကြောင်းအရာများကို ကဏ္ဍများအလိုက် တင်ဆက်ဖော်ပြပေးနေသည့် ဂျာနယ်ဖြစ်သည်။ (သတင်းစဉ်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

[illegible]

Email : [illegible]@gmail.com

" [illegible] "

[illegible] HI-LIFE COMPANY LIMITED [illegible]

KW-triO

IV - [illegible]

[illegible] " KW-triO " [illegible] HI-LIFE COMPANY LIMITED [illegible] " Pens, Pencils, Rulers, Erasers, Markers, Staplers, Staples, Sharpener, Punchs, Stamps, Paper Trimmers & Guillotines, Glue Tapes, Memo Holders, Correction Tapes, Correction Pens, Highlighters, Security Tapes, Tape Dispenser, Hand Counter [illegible] " [illegible] " KW-triO " [illegible]

[illegible]

YE NOOS & ASSOCIATES (Law Firm)

[illegible]

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ်(၄၆၀)၊ (၄-လွှာ)တွင် ပါတီရုံးချုပ်တည်ရှိသော ကမန်အမျိုးသားတိုးတက်ရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၁၇-၆-၂၀၁၀ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ယင်းအဖွဲ့အစည်း၏ အလံနှင့်တံဆိပ်တို့အား ကန့်ကွက်မှုများရှိခဲ့သည့်အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင်လည်း ယင်းအလံနှင့် တံဆိပ်တို့ကို ဆက်လက်အသုံးပြုရန် မသင့်လျော်ကြောင်းတွေ့ရှိရသဖြင့် သက်ဆိုင်ရာပါတီကို ခေါ်ယူတွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီအလံနှင့် တံဆိပ်တို့ကို ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ပါ၍ ကမန်အမျိုးသားတိုးတက်ရေးပါတီက ပြင်ဆင်တင်ပြလာသည့် ယခုဖော်ပြပါ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကမန်အမျိုးသားတိုးတက်ရေးပါတီ၏အလံပုံစံ



ကမန်အမျိုးသားတိုးတက်ရေးပါတီ၏တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပေးအပ် လှူဒါန်း

မအူပင်မြို့ ကရုဏာ လူမှုကူညီရေးအသင်းသို့ မအူပင်မြို့ ဘုရားလမ်းနေ ဦးဝမ်စိမ်း-ဒေါ်ခင်ခင်၊ သမီး မနှင်းဝေလွင်၊ မယုယုခိုင်တို့က မတည်ငွေကျပ် ငါးသိန်းနှင့် ဆေးခန်းအထောက်အကူပြု ပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ်ပြန်/ဆက်)

ပဥ္စမအကြိမ် စာပေနှင့်စာနယ်ဇင်း ညီလာခံအတွေ့အကြုံရှင်း

ဖျာပုံ ဇွန် ၂၇

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဥ္စမအကြိမ်ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်ခန်းမ၌ မေ ၃၀ ရက်မွန်းတည့် ၁၂ နာရီက ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဒေါ်သူဇာနွယ်(သူဇာနွယ်-ဖျာပုံ)ကဆောင်ရွက်ပြီး သဘာပတိ ဦးတင့်ဝေကျော်(တင့်ဝေအောင်)က အမှာစကားပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ ပဥ္စမအကြိမ် ညီလာခံကိုယ်စားလှယ် ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်း (သတင်းထောက် အောင်ဝင်း-ဖျာပုံ)က မေ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဥ္စမအကြိမ်ညီလာခံ အတွေ့အကြုံများနှင့် ဗဟိုအမှုဆောင် အစီရင်ခံစာပါ ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့်ရှင်းလင်းသည်။

(၃၈၃)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇွန် ၂၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ရွှေဘိုမြို့နှင့် မကွေးမြို့တို့တွင် သုည ဒသမ ၉၁ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၂၈ ရက် ညနေထိခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ ကယားပြည်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မြန်မာကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခိုက်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကုက္ကိုင်းရေကူးအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇွန် ၂၇

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၀၉-၂၀၁၀ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးကန်၌ ကျင်းပသည်။

ရွေးချယ်ခန့်အပ်

အခမ်းအနားတွင် ရှေးဦးစွာ အလှည့်ကျသဘာပတိ ဦးထွန်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး ကုက္ကိုင်းရေကူးအသင်း အတွင်းရေးမှူး ဦးချိုမောင်က ၂၀၀၉-၂၀၁၀ ခုနှစ် အမှုဆောင်ကော်မတီ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် အသင်းဝင်များ၏ မေးမြန်းချက်နှင့် အကြံပြုချက်များကို ရှင်းလင်းပြောကြားပြီး စာရင်းစစ်အဖွဲ့အား ရွေးချယ်ခန့်အပ်သည်။ ဆက်လက်၍ ၂၀၁၀-၂၀၁၁ ခုနှစ် အမှုဆောင်ကော်မတီဝင်များ၏ အမည်စာရင်းအား အတည်ပြုကြေညာပြီး အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်(စိန်လှုံ)က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ထို့နောက် အလှည့်ကျသဘာပတိ ဦးထွန်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ရွေးချယ်တင်မြှောက်ရေးအဖွဲ့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဖွဲ့စည်းထား

အဆိုပါ ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၀-၂၀၁၁ အမှုဆောင်ကော်မတီတွင် ဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်(စိန်လှုံ)၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးမြင့်ကြွယ်၊ အတွင်းရေးမှူး ဦးချိုမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးတောက်ထွန်း၊ ဘဏ္ဍာရေးမှူး ဦးငြိမ်းကျော်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးညီညီထွေးတို့အပါအဝင် အမှုဆောင်ကော်မတီဝင် ကိုးဦး စုစုပေါင်း ၁၆ ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။**(အပေါ်ပုံ)**

(ကြေးမုံ)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

စင်ကာပူနှင့် ခြေစမ်းပွဲအတွက် ပဏာမလက်ရွေးစင်နှင့် ယူ-၂၃ ခြေစမ်းမည်

ရန်ကုန် ဇွန် ၂၇

၂၀၁၀ ခုနှစ် ဇူလိုင် ၂ ရက်နှင့် ၄ ရက်တို့တွင် စင်ကာပူအိုလံပစ်အသင်းနှင့် ခြေစမ်းကစားမည့် ပွဲစဉ်များအတွက် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ပဏာမ ယူ-၂၃ လက်ရွေးစင်အသင်းတို့သည် ဇွန် ၂၈ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားကြမည်ဖြစ်သည်။

စင်ကာပူအိုလံပစ်အသင်းနှင့် ခြေစမ်းပွဲအတွက် ပဏာမလက်ရွေးစင်အသင်းနှင့် ပဏာမ ယူ-၂၃ အသင်းတို့သည် ပဏာမကစားသမား ၄၈ ဦးရွေးချယ်ထားပြီး လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးတင်ဟန်၊ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင်နှင့် ဦးဆန်းဝင်း၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်၊ ယူ-၂၃ အသင်းကို နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြများအဖြစ် ဦးဇော်ဝင်းထွန်းနှင့် ဦးစိုးမိုး၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်တို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ ယင်းခြေစမ်းပွဲကို မြန်မာဘောလုံး ပရိသတ်များ အခမဲ့ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

နှစ်သင်းပေါင်း ရွေးချယ်ထားသော ပဏာမ ကစားသမားများမှာ ဂိုး-သီဟစည်သူ၊ ကျော်ဇင်ထက်၊ ဇာနည်မင်း၊ ညီညီလွင်၊ နောက်တန်း-ခင်မောင်ထွန်း၊ မင်းသူ၊ ကျော်ကျော်မျိုး၊ မင်းကိုကို၊ ရန်အောင်ဝင်း၊ ဇော်လင်းထွန်း-၂၊ ဆန်းမင်း၊ မျိုးဝင်းထွဋ်၊ ကျော်ခိုင်ဝင်း၊ ဝင်းမင်းထွဋ်၊ အေးဆန်း၊ မိုးဝင်း၊ ငွေးအောင်၊ ရွှေလှိုင်ဝင်း၊ နိုင်လင်းထွန်း၊ နီမောင်မောင်အောင်၊ထွန်းလင်းအောင်၊ အလယ်တန်း-မင်းမင်းသူ၊ လှအေးထွေး၊ တင်ဝင်းအောင်၊ ကျော်ဇေယျာဝင်း၊ ဟိန်းဇာအောင်၊ ခင်မောင်လွင်၊ ဇော်ထက်အောင်၊ ရန်အောင်ကျော်၊ အောင်ကျော်မိုး၊ လွင်ဦး၊ အောင်မြင့်အေး၊ နိုင်နိုင်လင်း၊ စိုးကျော်သူ၊ မိုင်းအိုက်နိုင်၊ ရာဇာဝင်းသိန်း၊ စိုးမင်းဦး၊ မျိုးမင်းထွန်း၊ ပြည့်ဖြိုးဦး၊ ရဲဝေယံစိုး၊ သိန်းသန်းဝင်း၊ ရှေ့တန်း-ရန်ပိုင်၊ ကျော်ကိုကို၊ ခိုင်ဇော်ထွန်း၊ နိုင်ဦးလွင်၊ ကျော်သူရ၊ သက်နိုင်နှင့် ရဲဇော်ထက်အောင်တို့ပါဝင်ကြသည်။

(ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရေစကြိုမြို့နယ်တစ်ခွင် နှမ်းများစိုက်ပျိုးအောင်မြင်

ဆီထွက်သီးနှံဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ တို့သည် မကွေးတိုင်း၏ အဓိက ဆီထွက်သီးနှံများ ဖြစ်ကြပါသည်။ ယခင်က မကွေးတိုင်းကို ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ခဲ့ကြရာ နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် ဆီထွက်သီးနှံ စိုက်ပျိုးခဲ့ကြသည်။

မျက်မှောက်ကာလ အစိုးရလက်ထက်တွင် အထူးအောင်မြင်စွာ ပိုမို စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။ အကြောင်းမှာ အညာဒေသတစ်ခွင် ဖွံ့ဖြိုးတိုးတက်စည်ပင်ရေး၊ စိုက်ပျိုးမြေအတွက် စိုက်ပျိုးရေမခက်အောင် ရေရရှိရေးနည်းလမ်းအသွယ်သွယ်ကို ဖော်ဆောင်ဖန်တီးပေးခြင်းနှင့်အတူ စိုက်ပျိုးမြေများလည်း ဖော်ထုတ်ပေးခဲ့မှုများကြောင့် ဖြစ်ပါသည်။

မကွေးတိုင်းတွင် ရေစကြိုမြို့နယ်သည်လည်း ဆီအိုးငယ်သဖွယ် ထောက်ကူပြုလျက် ရှိနေပါသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

ရေစကြိုမြို့နယ် ပခန်းငယ်ကျေးရွာတွင် မြေအောက်ရေဖြင့် အောင်မြင်ဖြစ်ထွန်းနေသော နှမ်းစိုက်ခင်းကို တွေ့ရစဉ်။ (အပေါ်ပုံ)

သတင်းမှတ်စု
ပေထွက်ဇော်(ရေစကြို)
အဆင်အပြင် - ခင်မျိုးနိုင်

အင် တာ နက် န က္ခ တ္တ သိ ပ္ပံ သ တင်း

ယခုနှစ်၏ ပထမအကြိမ် လကြတ်မှု နက္ခတ္တပညာရှင်များနှင့် ပြည်သူများစောင့်ကြည့်

နယူးဒေလီ ဇွန် ၂၇

တစ်စိတ်တစ်ဒေသ လကြတ်မှုဖြစ်စဉ်သည် ဇွန် ၂၆ ရက်တွင် ပေါ်ပေါက်ခဲ့ကြောင်း၊ ယခုနှစ်အတွင်း လကြတ်မှုနှစ်ကြိမ် ဖြစ်ပေါ်ရန်ရှိသည့်အနက် ပထမအကြိမ်အဖြစ် လကြတ်ခြင်းဖြစ်ကြောင်း အိန္ဒိယနက္ခတ္တရူပဗေဒသိပ္ပံက ပြောကြားသည်။

နေနှင့်လတို့၏ တစ်ဖြောင့်တည်းဖြစ်စေ၊ မျဉ်းတန်းအတွင်း ကမ္ဘာရောက်ရှိနေချိန်တွင် လကြတ်မှုဖြစ်စဉ် ပေါ်ပေါက်သည်။ ကမ္ဘာ၏အရိပ်က လ၏မျက်နှာပြင်ပေါ် ကျရောက်ခြင်းဖြစ်သည်။

တစ်စိတ်တစ်ဒေသ လကြတ်မှုဖြစ်စဉ်ကို တောင်နှင့်မြောက်အမေရိကတိုက်များ၊ ပစိဖိတ်ဒေသနှင့် အရှေ့အာရှဒေသတို့ရှိ နိုင်ငံများမှ နက္ခတ္တဗေဒပညာရှင်များနှင့် နက္ခတ္တဗေဒဝါသနာရှင်များက လေ့လာစောင့်ကြည့်ခဲ့ကြကြောင်း၊ အရှေ့အာရှဒေသမှ ပြည်သူများသည် လကြတ်မှုဖြစ်စဉ်ကို လပေါ်ထွက်လာချိန်တွင်သာ တွေ့မြင်ခွင့် ရရှိကြကြောင်း အိန္ဒိယနက္ခတ္တရူပဗေဒသိပ္ပံမှ သုတေသီ အာရ်စီကာပူးက ပြောကြားသည်။

တစ်စိတ်တစ်ဒေသ လကြတ်မှုဖြစ်စဉ်တွင် လမျက်နှာပြင်၏ **စာမျက်နှာ ၉ ကော်လံ ၁ သို့**❖

ဘာသာပြန် သတင်းလုလင်

ဇွန် ၂၆ ရက်က တစ်စိတ်တစ်ဒေသ လကြတ်ပုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)